မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်၊ ၂၀၀၈ခုနှစ်၊ ဖေဖော်ဝါရီ ၁၇ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၇)၊ အမှတ် (၁၄၀)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ဒသမအကြိမ် မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း၏ နှစ်ပတ်လည်အစည်းအဝေးနှင့် ရွေးချယ်တင်မြှောက်ပွဲအခမ်းအနားတွင် ခင်းကျင်းပြသထားသည့် ပစ္စည်းအရောင်းပြခန်းများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ရွေးချယ်တင်မြှောက်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ဒသမအကြိမ်မြောက် မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း၏ နှစ်ပတ်လည်အစည်းအဝေးနှင့် ရွေးချယ်တင်မြှောက်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏမြို့ ဝေဇယန္တာလမ်းနှင့် သံသုမာလမ်းထောင့်ရှိ မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းရုံး၌ ကျင်းပသည်။

ကြည့်ရှုအားပေး

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် နှစ်ပတ်လည်အစည်းအဝေး အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသည့် ဆောက်လုပ်ရေးဆိုင်ရာပစ္စည်းအရောင်းပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အဖွင့်အမှာစကားပြောကြားသည်။

ရှင်းလင်းပြောကြား

ယင်းနောက် မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက အသင်း၏ လုပ်ငန်းဆိုင်ရာများနှင့် စပ်လျဉ်း၍လည်းကောင်း၊ အထွေထွေအတွင်းရေးမှူး ဦးဇော်ဝင်း (အရှဏ်ဦးကုမ္ပဏီ)က အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာနှင့် နှစ်ချုပ်ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားအတည်ပြု၍လည်းကောင်း ရှင်းလင်းပြောကြားကြသည်။ စာမျက်နှာ ၈ ကော်လံ ၆ ●

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း သတင်းဆောင်းပါး အညွှန်း

❐ ယောက်ျားဆိုတာ... — ဘဝအမောပြေ စာ – ၄
❐ ကျွန်မချစ်မိ အပြစ်ရှိ၏ — ချစ်စိုးနိုင်၏ နိုင်ငံတကာမှုခင်း စာ – ၅
❐ အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့အကြား လေကြောင်းပျံသန်းမှု နှစ်ဆတိုးမြှင့်မည် — နိုင်ငံတကာသတင်း စာ – ၆
❐ ချဒ်သမ္မတနိုင်ငံ — တိုး၏ သတင်းအက်ဆေး စာ – ၇

❐ ဆန်ဈေးကွက်မှာ ရန်ကုန်မြို့ ဝါးတန်းဆိပ်ကမ်းရှိ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်းသို့ နေ့စဉ်ပျမ်းမျှ တစ်တင်းခွဲဝင် အိတ်ပေါင်း လေးသောင်းခွဲ ငါးသောင်းနီးပါး ဝင်ရောက်လျက်ရှိ။ ဆန်ဈေးနှုန်းမှာ အနည်းဆုံး ကျပ် ၆၅၀၊ အများဆုံး ကျပ် ၁၀၀၀ ဈေးရှိ။ ဆန်သစ်များ လှိုင်လှိုင်ဝင်လာ၍ ဈေးငြိမ်နေ။

မြင့်မောင်စိုး (မြန်မာ့အလင်း) ၏ ဈေးကွက်သတင်းမြင်ကွင်း (စာ–၁၁)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်)

နယ်စပ်ဒေသအခြေခံကောင်းများ တိုးတက်ဖြစ်ထွန်း လူ့စွမ်းအား အရင်းအမြစ်များ ပိုမိုပေါ်ထွန်းလာ

နိုင်ငံတော်အစိုးရသည် နယ်စပ်ဒေသများဖွံ့ဖြိုးလာစေရန် ပညာရေးအပါအဝင် လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေး၊ ကျန်းမာရေး လူမှုရေးဆိုင်ရာ အခြေခံကောင်းများကို အရှိန်အဟုန်မြှင့် ဖန်တီးဖော်ဆောင်ပေးလျက်ရှိသည်။

နယ်စပ်ဒေသများ၌ လူမှုအဆောက်အအုံများ တည်ဆောက်ဖြည့်ဆည်းပေးခဲ့ပြီး လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ မူးယစ်ဆေးဝါးပပျောက်ရေး စီမံကိန်းလုပ်ငန်းများကိုပါ ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

မျက်မှောက်ခေတ်သည် ပညာခေတ်ဖြစ်ရာ နယ်စပ်ဒေသရှိ လူငယ်လူရွယ်များအတွက် အဆင့်မြင့်ပညာအခွင့်အလမ်းများ အပြည့်အဝသင်ယူနိုင်ရေး အထူးဖွံ့ဖြိုးရေးဒေသ ၂၄ ခု၌ ကောလိပ်အားလုံးကို တက္ကသိုလ်များအဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်သည်။

တိုင်းရင်းသားလူငယ်များ လူနေမှုဘဝ မြင့်မားပြည့်စုံစေရေးအတွက် ပညာရေးဝန်းကျင်ကောင်းများကို တည်ဆောက်၍ အရည်အသွေး မြင့်မားရေး ပြုစုပျိုးထောင်ပေးလျက်ရှိသည်။

ထို့ပြင် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းအင်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်များအပြင် အခြေခံပညာကျောင်းများနှင့် အိမ်တွင်းမှု သက်မွေးပညာကျောင်းများကိုလည်း တည်ဆောက်ပေးထားရာ တိုင်းရင်းသားလူငယ်များ၏ ပညာသင်ယူနိုင်မှု အခွင့်အလမ်းများ တိုးပွားလျက်ရှိသည်။

တိုင်းရင်းသားပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်အတွက် ဆေးရုံ၊ ဆေးပေးခန်း၊ ကျေးလက်ကျန်းမာရေးဌာနများ တည်ဆောက်ပေးထားသည့်အပြင် ဖွံ့ဖြိုးရေးဒေသတိုင်း၌ ခုတင်(၂၀၀)ဆံ့ ဆေးရုံကြီးများ တိုးချဲ့ဖွင့်လှစ်ကာ ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိသည်။

နယ်စပ်ဒေသများသည် မြို့ကြီးများနှင့်မခြား ခေတ်မီဖွံ့ဖြိုးတိုးတက်လျက်ရှိနေပြီး လမ်းပန်းဆက်သွယ်ရေးအပါအဝင် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး အခြေခံအဆောက်အအုံများ တိုးတက်ဖြစ်ထွန်းကာ အသိပညာရှင်၊ အတတ်ပညာရှင် လူ့စွမ်းအားအရင်းအမြစ်များ ပိုမိုပေါ်ထွန်းလာလျက်ရှိပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သမိုင်းဝင် အပရာဇိတ ဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော် တောင်ဘက်စောင်းတန်းတည်ဆောက်ရန် ငွေလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတ ဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် မရမ်းကုန်းမြို့နယ် သမိုင်း(၁)ရပ်ကွက် (၆)လမ်း အမှတ် ၅၈၄နေ နှစ်ဖက်သောမိဘများအား အမှူးထားရည်စူး၍ ဦးဝင်းမောင်-ဒေါ်တင်နု သားသမီး၊ မြေးတစ်စုက အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးအေးမြင့်နှင့် ဦးသိန်းထွန်းတို့က လက်ခံယူသည်။(**အောက်ပုံ**)

အလှူရှင်များအနေဖြင့် စေတီတော်ဂေါပကရုံး ဖုန်း-၆၆၀၀၀၆ သို့ ဆက်သွယ် လှူဒါန်းနိုင်သည်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၁၇-၂-၂၀၀၈ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ **မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
- ၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

- ၁၂:၀၀ ၁။ မြဝတီအဖွင့်
- ၁၂:၀၅ ၂။ အဖွင့်သီချင်း
- ၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၂:၂၀ ၄။ သာယာသီကြွေးခေတ်ဆန်းတေး
- ၁၂:၃၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **အနာဂတ်ကမ္ဘာလေး**
- ၁၃:၅၀ ၆။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၄။ ချိုမြလက်သံ ငြိမ့်ညောင်းဟန်
- ၄:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၄:၄၅ ၆။ သာယာသီကြွေးခေတ်ဆန်းတေး
- ၄:၅၀ ၇။ တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သင်ခန်းစာပို့ချချက် (အင်္ဂလိပ်စာ)
- ၅:၂၀ ၈။ သံစဉ်များနှင့်ကမ္ဘာ
- ၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၆:၂၅ ၁၂။ အုံ့ညှိဖွယ်ရာဆပ်ကပ်ပညာ
- ၆:၄၅ ၁၃။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရာဇဝင်တွင်တဲ့သူရဲကောင်း** (အပိုင်း-၃၇)
- ၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ မိုးလေဝသသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ ပဟေဠိနန်းတော်
- ၁၉။ ကျန်းမာသုတ
- ၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၁။ **FA Cup ဘောလုံးပြိုင်ပွဲ Preston & Portsmouth**

မြန်မာ့စီးပွားရေးဘဏ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၆

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာ့စီးပွားရေးဘဏ်၏ ၂၀၀၇-၂၀၀၈ ဘဏ္ဍာနှစ် နှစ်ချုပ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက်ပိုင်းက နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ ဒုတိယဝန်ကြီးဗိုလ်မှူးကြီးလှသိန်းဆွေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်း၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက အမှာစကားပြောကြားသည်။ (**အောက်ပုံ**) ထို့နောက်မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်း၊ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြတ်မော်နှင့် ပြည်နယ်၊တိုင်း၊ခရိုင် ဘဏ်ခွဲမန်နေဂျာများက မြန်မာ့စီးပွားရေးဘဏ်၏ လုပ်ငန်းဆောင်ရွက်မှုကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြသည်။ (**သတင်းစဉ်**)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၇-၂-၂၀၀၈(တနင်္ဂနွေနေ့)

AM & PM

- ၇:၀၀ ၁:၀၀ MRTV-4အဖွင့် Logo၊ ယနေ့အစီအစဉ်
- ၇:၀၅ ၁:၀၅ အပေါင်းမှန်ကြပါစေ တရားတော် (ဆရာတော် အရှင်ပဏ္ဍာဝံသ)(တွံတေး)
- ၈:၀၀ ၂:၀၀ Soccer Update
- ၈:၁၅ ၂:၁၅ တေးဂီတအစီအစဉ်
- ၈:၂၀ ၂:၂၀ Sunday Talk (မျိုးမြတ်သူ၊ ဦးမိုးနိုင်မြင့်)
- ၉:၁၅ ၃:၁၅ ပြည်တွင်းသတင်းအကျဉ်း
- ၉:၂၅ ၃:၂၅ တေးဂီတအစီအစဉ်
- ၉:၃၀ ၃:၃၀ တိုင်းရင်းဆေးဝါးစက်ရုံ တည်ထောင်မှု ပြည်သူ့ကျန်းမာရေးအလေးပြု (မန္တလေးတိုင်းရင်းဆေးဝါးစက်ရုံ)
- ၉:၄၀ ၃:၄၀ နိုင်ငံတကာသတင်းအကျဉ်း
- ၉:၄၅ ၃:၄၅ တေးဂီတအစီအစဉ်
- ၉:၅၀ ၃:၅၀ စားသုံးသူတို့လိုအပ်ချက် ရေတာရှည်သကြားစက်
- ၁၀:၀၅ ၄:၀၅ မိုးလေဝသခန့်မှန်းချက်
- ၁၀:၁၀ ၄:၁၀ တောင်ပေါ်လက်ဖက် နတ်သစ်ရွက်
- ၁၀:၂၅ ၄:၂၅ ပြည်တွင်းသတင်းအကျဉ်း
- ၁၀:၃၅ ၄:၃၅ ပါဝင်ဆင်နွှဲပြင်ဦးလွင်မှ ရွှေရတုဂေါက်သီးရိုက်ပြိုင်ပွဲ
- ၁၀:၅၅ ၄:၅၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၁:၀၀ ၅:၀၀ တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူဒို့အတူ ဗဟိုဖောက်စက်
- ၁၁:၁၅ ၅:၁၅ တေးဂီတအစီအစဉ်
- ၁၁:၂၀ ၅:၂၀ Euro Goals
- ၁၁:၄၅ ၅:၄၅ တေးဂီတအစီအစဉ်
- ၁၁:၅၀ ၅:၅၀ ရေပျော်ငှက်၏ တောင်ပံခတ်သံ
- ၁၂:၁၀ ၆:၁၀ လွင်မိုးခရီးသွားနေသည် (အပိုင်း-၄)
- ၁၂:၄၀ ၆:၄၀ နိုင်ငံတကာအနုပညာရေးရာ
- ၁:၀၀ ၇:၀၀ MRTV-4အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

FA Cup ပဉ္စမအဆင့်ပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၈:၂၅	Sheffield-Middlesbrough	Star Sports(LIVE)
၁၀:၃၀	Preston North End- Portsmouth	Star Sports(LIVE)

Series-A ပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၈:၃၀	Fiorentina-Catania	5 Cartoons(LIVE)

အိမ်မဲမြို့နယ်အသင်း ထမနဲထိုးလှူဒါန်းပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

အိမ်မဲမြို့နယ်အသင်း(ရန်ကုန်)၏ ထမနဲထိုးလှူဒါန်းပွဲကို ရန်ကုန်မြို့ ၆ဝိုင်း မြို့ဦးကျောင်း အိမ်မဲကျောင်းတိုက်၌ ပဓာနနာယက ဆရာတော်ဘဒ္ဒန္တ ဇာနေယျ (မဇ္ဈိမာစရိယ)အား အမှူးပြု ဦးထိပ်ထား၍ ဖေဖော်ဝါရီ ၂၀ရက် (တပို့တွဲလဆန်း ၁၄)ရက်တွင် ကျင်းပမည် ဖြစ်သည်။

ထိုနေ့ ညနေ၄နာရီမှ ည၈နာရီအထိ ဧည့်ပရိသတ်များအား လှူဒါန်းကျွေးမွေးမည်ဖြစ်ရာ အသင်းသူ၊ အသင်းသားများနှင့် အိမ်မဲမြို့နယ်သူ မြို့နယ်သားများ ကြွရောက်သုံးဆောင်ကြပါရန် ဖိတ်ကြားနှိုးဆော်ထားသည်။ (က-ပ)

ဖခင်ကြီး ဦးညွန့်တင် (မြို့နယ်အခွန်ဦးစီးမှူး တောင်ကြီး)အား ရည်စူး၍ အမှတ် ၉၂ (၃လွှာ) ဓမ္မဝိဟာရလမ်း ကျောက်မြောင်း တာမွေမြို့နယ်နေ ဒေါ်သန်းမြင့်မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ်၂၁၀၀၀၀လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးတင်မောင်ဝင်း လက်ခံယူစဉ်။ (က-ပ)

ဘိုကလေးမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ဘိုကလေးမြို့နယ်အသင်း(ရန်ကုန်)၏နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲ၊ နိုင်ငံတော်က ချီးမြှင့်သော ဂုဏ်ထူး၊ ဘွဲ့ထူးရပုဂ္ဂိုလ်များ ဂုဏ်ပြုပွဲကို မတ်၁ရက် (စနေနေ့) နံနက် ၉နာရီတွင် ဗဟန်းမြို့နယ် ခြောက်ထပ်ကြီးဝင်း အသင်းဓမ္မာရုံ၌ ကျင်းပမည် ဖြစ်သည်။

သက်ကြီးပူဇော်ပွဲအတွက် အသက်(၇၅)နှစ်အထက် အသင်းသူ၊ အသင်းသားများ၊ ရန်ကုန်ရောက် ဘိုကလေးမြို့သူ၊ မြို့သားများ၏ သား၊ သမီးများသည် ၂၀၀၆–၂၀၀၇ ပညာသင်နှစ်အတွက် အခြေခံပညာ အထက်တန်းအောင် ဂုဏ်ထူးရရှိသူများ၊ တက္ကသိုလ်ပါရဂူဘွဲ့ရသူများ သည် ဖေဖော်ဝါရီ ၂၅ရက် နောက်ဆုံးထား၍ အသင်းဥက္ကဋ္ဌဦးတင့်ဇော် ဖုန်း–၂၉၁၃၃၈၊ တွဲဖက်အတွင်းရေးမှူး ဦးသိန်းညွန့် ဖုန်း–၆၈၂၈၂၂၊ တွဲဖက်အတွင်းရေးမှူး ဦးကျော်မြင့် ဖုန်း–၀၉–၉၉–၇၃၉၆၄နှင့် အသင်းတိုက် ဖုန်း–၂၁၂၅၀၈သို့ ဆက်သွယ်စာရင်းပေးကြပါရန်၊ အသင်းသူ၊ အသင်းသားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အစည်းအဝေး တက်ရောက်ကြပါရန် ဖိတ်ကြားနှိုးဆော်ထားသည်။ **(က–ပ)**

စိတ်ကောင်းနှင့်ယှဉ်

အများအကျိုး၊ ရှက်သယ်ပိုးကာ၊
ခနိုးခနဲ့၊ ဆိုကဲ့ရဲ့လည်း၊
မပွဲ့စကောင်း၊ ကိုယ့်လမ်းကြောင်းကို၊
စိတ်ကောင်းနှင့်ယှဉ်၊ ရှေးရှုနှင်လော့။

(ရွှေဟင်္သာဆရာတော်ဘုရားကြီး)

မင်းဘူးမြို့ မျက်ခမ်းစပ်နှင့်မျက်မမြင်ကာကွယ်ရေးအဖွဲ့ အောင်လံမြို့တွင်ကွင်းဆင်း မျက်စိစစ်ဆေးခွဲစိတ်ကုသပေး

ရန်ကုန် ဖေဖော်ဝါရီ ၁၆

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကိုဂုဏ်ပြုသောအားဖြင့် အောင်လံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းနှင့် မင်းဘူးမြို့ မျက်ခမ်းစပ်နှင့်မျက်မမြင်ကာကွယ်ရေး စီမံကိန်းအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဖေဖော်ဝါရီ ၁၂ ရက်မှ ၁၄ ရက်အထိ သရက်ခရိုင် အောင်လံမြို့တွင် ကွင်းဆင်းမျက်စိစစ်ဆေး ခွဲစိတ်ကုသပေးသည်။

စစ်ဆေးကုသ

မင်းဘူးမြို့ မျက်ခမ်းစပ်နှင့်မျက်မမြင်ကာကွယ်ရေးစီမံကိန်းအဖွဲ့မှ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာ အောင်ဆန်းဝင်းနှင့်အဖွဲ့သည် အောင်လံမြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံးတွင် မျက်စိလူနာ ၁၉၂၈ဦး အား စစ်ဆေးကုသပေးခဲ့သည်။

ကွင်းဆင်းခွဲစိတ်

အတွင်းတိမ်လူနာ ၃၇ ဦး၊ ရေတိမ်လူနာနှစ်ဦးနှင့် မျက်စိထိခိုက်လူနာ တစ်ဦးကို အောင်လံမြို့ ပြည်သူ့ဆေးရုံ၌ ခွဲစိတ်ကုသပေးပြီး မျက်ကြည်မှန်များ အခမဲ့တပ်ဆင်ပေးခဲ့သည်။ **(အပေါ်ပုံ)** အသေးစားခွဲစိတ်ကုသမှု ၁၈ ဦးကိုလည်း ဆောင်ရွက်ပေးခဲ့ပြီး ကျန်ရှိသောအတွင်းတိမ်လူနာ ၈၀ အား မင်းဘူးမြို့ မျက်စိကုဌာနသို့ ခေါ်ယူ၍ အခမဲ့ခွဲစိတ်ကုသမှု ခံယူနိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့သည်။

ပါဝင်လှူဒါန်း

ကွင်းဆင်းမျက်စိခွဲစိတ်ကုသမှုများကို အောင်လံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစန်းလွင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဆရာဝန် ဒေါက်တာတင်ရွှန်းနှင့် ပြည်သူ့ဆေးရုံဝန်ထမ်းများကလည်း ပူးပေါင်းပါဝင် ဆောင်ရွက်ကြသည်။ ဆေးကုသမှုကုန်ကျစရိတ်အားလုံးကို ရန်ကုန်မြို့ ဘုရင့်နောင် ရွှေမြင့်မိုရ်ပွဲရုံ၊ ပို့ဆောင်ရေးနှင့် ယူနီဗာ့စ် မော်တော်ဆိုင်ကယ်အရောင်းပြခန်းပိုင်ရှင် ဦးစိန်ဝင်း–ဒေါ်ခင်မေဌေး မိသားစုက လှူဒါန်းခဲ့ကြောင်း သိရသည်။ **(က–ပ)**

စာပေဟောပြောပွဲများကျင်းပ

ပေါင်းတလည်

ပဲခူးတိုင်း အနောက်ပိုင်း ပေါင်းတလည်မြို့ ပြည်ထောင်စု ကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးအသင်း၏ ဦးစီးဆောင်ရွက်မှုဖြင့် ပြည်ထောင်စုနေ့ အထိမ်း အမှတ် စာပေဟောပြောပွဲကို ပေါင်းတလည်မြို့လယ်တွင် ဖေဖော်ဝါရီ ၁၂ရက် ည ၇နာရီက ကျင်းပရာ စာရေးဆရာများဖြစ်ကြသော မြင်းမူ မောင်နိုင်မိုး၊ မောင်ဆန္ဒ(လယ်ဝေး)နှင့် အောင်စိုး (တိရစ္ဆာန်ဆေးကုဆရာဝန်) တို့က စာပေရေးရာများကို ဟောပြောခဲ့သည်။

မုံရွာမြို့ ကျောက္ကာ(မြောက်ရွာ)

မုံရွာခရိုင် မုံရွာမြို့နယ် ကျောက္ကာ (မြောက်ရွာ)ရှိ လင်းရောင်ခြည် စာကြည့်တိုက်တည်ထောင်ခြင်း (၆)နှစ်ပြည့် အထိမ်းအမှတ် စာပေ ဟောပြောပွဲအခမ်းအနားကို ကျောက္ကာ(မြောက်ရွာ)ရှိ ရွာလယ်ကွင်းပြင်၌ ဖေဖော်ဝါရီ ၄ရက် ည ၇နာရီက ကျင်းပရာ စာရေးဆရာများ ဖြစ်ကြသော ချစ်ဦးညို၊ မြင်းမူမောင်နိုင်မိုး၊ ဒါရိုက်တာမောင်ဝဏ္ဏနှင့် အကယ်ဒမီ ဆွေဇင်ထိုက်တို့က စာပေရေးရာများ ဟောပြောကြပြီး စာပေဝါသနာရှင် ၄၀၀ကျော် တက်ရောက်ခဲ့ကြကြောင်းသိရသည်။

(က–ပ)

ဗဟန်းမြို့နယ် အခြေခံပညာမူလတန်းကျောင်း အမှတ်(၁) ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၆ရက်တွင် ကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဖြူဖြူဝင်းက သူငယ်တန်းမှ တတိယတန်းအထိ လေးနှစ်ဆက်တိုက် ပထမဆုရရှိသူ မောင်အောင်ခန့်မင်း အား ဆုချီးမြှင့်စဉ်။ (က–ပ)

မြောင်းမြ အထက(၅) နှစ် ၅၀ ပြည့် ရွှေရတုပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

မြောင်းမြ အထက(၅) ဖွင့်လှစ်ခဲ့သည့် နှစ်(၅၀)ပြည့် ရွှေရတုပွဲကို ၂၀၀၇ ခုနှစ် ဒီဇင်ဘာ ၁၄ရက်မှ ၁၆ရက် အထိ ကျင်းပရန် စီစဉ်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ယခု ၂၀၀၈ ခုနှစ် ဧပြီလအတွင်း ကျင်းပမည်ဖြစ် သည်။ အငြိမ်းစား ဆရာကြီး ဆရာမ ကြီးများ ဖိတ်စာ ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အပူဇော်ခံကြွရောက် ကြရန်နှင့် ရွှေရတုမဂ္ဂဇင်းအတွက် စာမူများ၊ မှတ်တမ်းဓာတ်ပုံများ၊ ကျောင်းသားကျောင်းသူဟောင်းများက အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို အောက်ပါပုဂ္ဂိုလ်များထံ ပေးပို့လှူဒါန်း နိုင်ကြောင်း ရွှေရတုပွဲကျင်းပရေး ကော်မတီက တိုက်တွန်းနှိုးဆော်ထား သည်။

ဆက်သွယ်လှူဒါန်းနိုင်

အလှူငွေများကို ဦးမြင့်(ခ) မင်းကိုမြင့် ဖုန်း–၀၉–၅၁–၈၈၇၈၇၊ ဦးမြင့်အေး ဖုန်း–၀၉–၅၀–၃၁၆၄၀၊ ၀၉–၅၀–၂၀၈၅၆၊ ဦးခင်မောင်အေး ဖုန်း–၂၉၁၃၇၉၊ ဦးစောသိန်း ဖုန်း–၅၉၃၂၂၈၊ ဒေါ်မြင့်မြင့်သန်း ဖုန်း–၅၅၉၆၆၃၊ ဦးဘိုဖြူ (ကျင်းပရေးကော်မတီရုံး၊ မြောင်းမြ)ဖုန်း–၀၄၂–၇၀၀၄၃၊ ဦးဝမ်ကြည် (ကျင်းပရေးကော်မတီရုံး၊ မြောင်းမြ) ဖုန်း–၀၄၂–၇၀၀၄၃၊ ဦးဝင်းဆွေ ဖုန်း–၀၄၂–၇၁၂၃၉၊ ဦးအုန်းမြင့် (အရှည်ကြီး) ဖုန်း–၀၉–၅၁–၆၁၆၂၃၊ ဒေါ်ကြူကြူဆွေ ဖုန်း–၅၅၄၉၆၄နှင့် ဦးကြည်ဇင် ဖုန်း–၇၂၄၈၂၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရ သည်။ **(က–ပ)**

သဃ်န်းကျွန်းမြို့နယ် အခြေခံ ပညာ အထက်တန်းကျောင်း အမှတ် (၂)၏ ၂၀၀၆–၂၀၀၇ ပညာရည်ချွန် ဆုပေးပွဲနှင့် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးတွင် တစ်နှစ်လုံး ခွင့်ပျက်ရက်မရှိသော အလယ်တန်းပြ ဆရာမဒေါ်စန်းမြင့် အား ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်နွဲ့က ဆုပေးစဉ်။

(က–ပ)

သဃ်န်းကျွန်းမြို့နယ် အမှတ်(၉) အခြေခံပညာ မူလတန်းကျောင်း၏ ၂၀၀၆–၂၀၀၇ ပညာသင်နှစ် မိဘ ဆရာအသင်း နှစ်ပတ်လည်အစည်း အဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၉ရက် က ကျင်းပရာ သူငယ်တန်းမှ ဒုတိယ တန်းအထိ သုံးနှစ်ဆက်တိုက် ပထမ ဆု ရရှိသူ မချမ်းအေးကြည်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်တင် တင်ဌေးက ဆုချီးမြှင့်စဉ်။ (က–ပ)

နယူးမက္ကဆီကို အကြိုရွေးကောက်ပွဲ ဟီလာရီအနိုင်ရ ဂျွန်မက်ကိန်းကို ပြိုင်ဘက်ဟောင်း မစ်ရွမ်နေးထောက်ခံ

ဝါရှင်တန် ဖေဖော်ဝါရီ ၁၆

ရီပတ်ဘလီကင်ပါတီမှ ဂျွန်မက်ကိန်း(အောက်ပုံ) အမေရိကန်သမ္မတဖြစ်ရေးကို လွန်ခဲ့သည့်ရက်သတ္တပတ်က ပြိုင်ပွဲမှထွက်ခဲ့သူ ပြိုင်ဘက်ဟောင်း မစ်ရွမ်နေးက ထောက်ခံလိုက်သည်။



စစ်မှန်သော အမေရိကန်သူရဲကောင်းတစ်ဦးကို အပြည့်အဝ ထောက်ခံရသည့်အတွက် သူဂုဏ်ယူဝမ်းမြောက်ကြောင်းဖြင့် ဘော့စတွန်မြို့၌ သူ့အနီးတွင် မတ်တပ်ရပ်လျက်ရှိသော ဂျွန်မက်ကိန်းကို ရည်ညွှန်းကာ မစ်ရွမ်နေးက ပြောကြားလိုက်သည်။

ကောင်းစွာနားလည်

ဂျွန်မက်ကိန်းသည် အန္တရာယ်နှင့် ရင်ဆိုင်နေရချိန်တွင် တိုင်းပြည်ကို ဦးဆောင်နိုင်စွမ်းရှိသူဖြစ်ကြောင်း၊ မိမိတို့ကိုလည်းကောင်း၊ အောင်ပွဲခံရန် လိုအပ်ပုံကိုလည်းကောင်း သူသည် ကောင်းစွာနားလည်သူ ဖြစ်ပါကြောင်းဖြင့် မစ်ရွမ်နေးက ဆက်လက်ပြောကြားသည်။

ယခုအခါ အထက်လွှတ်တော်အမတ် ဂျွန်မက်ကိန်းသည် အမေရိကန်ရွေးကောက်ပွဲတွင် ရီပတ်ဘလီကင်ပါတီကိုယ်စားပြုပြီး ဝင်ရောက်ယှဉ်ပြိုင်အရွေးခံမည့်သူအဖြစ် သေချာသလောက်ရှိသည်။ ပါတီညီလာခံ၌ ကိုယ်စားလှယ် ၁၁၉၁ ဦး၏ ထောက်ခံမှုရလျှင် ရီပတ်ဘလီကင်သမ္မတလောင်းအဖြစ် ရွေးချယ်ခံရမည်ဖြစ်သည်။ ယခုအခါ ကိုယ်စားလှယ်ပေါင်း ၈၄၃ဦးရရှိထားပြီဖြစ်သည်။

ကွင်းဆင်းမဲဆွယ်

အကြိုရွေးကောက်ပွဲများ ဆက်လက်ပြုလုပ်ရန်ရှိသဖြင့် ယခုအခါ ပါတီညီလာခံ ကိုယ်စားလှယ်များများရရေးအတွက် ရီပတ်ဘလီကင်ပါတီမှရော ဒီမိုကရက်တစ်ပါတီမှပါ ကွင်းဆင်းမဲဆွယ်စည်းရုံးလျက်ရှိကြသည်။

ယှဉ်ပြိုင်အရွေးခံသူများအနက် ဒီမိုကရက်တစ်ပါတီမှ ဟီလာရီကလင်တန်နှင့် အိုဘားမားတို့မှာ အကြိတ်အနယ် မဲဆွယ်စည်းရုံးလျက်ရှိသည်။

စူပါအင်္ဂါနေ့ဖြစ်သည့် ဖေဖော်ဝါရီ ၅ရက်က အမေရိကန် တစ်နိုင်ငံလုံးရှိ ပြည်နယ် ၂၄ခုတွင် အကြိုရွေးကောက်ပွဲများ ပြုလုပ်ခဲ့သည်။ အဆိုပါ ပြည်နယ်များအနက် နယူးမက္ကဆီကိုပြည်နယ်၌ ဟီလာရီကလင်တန်က အိုဘားမားအား အနိုင်ရလိုက်သည်။

ကျင်းပမည်

ဟီလာရီမှာ နောက်ပိုင်း အကြိုရွေးကောက်ပွဲရှစ်ခုတွင် ဆက်တိုက်ရှုံးနိမ့်ခဲ့သည်။ ထို့ကြောင့် ညီလာခံကိုယ်စားလှယ် အများအပြားရရှိသည့် တက္ကဆက်ပြည်နယ်နှင့် အိုဟိုင်းယိုးပြည်နယ် အကြိုရွေးကောက်ပွဲများတွင် အနိုင်ရရေးအတွက် အားသွန်ကြိုးပမ်းရန်မှတစ်ပါး ဟီလာရီကလင်တန်အနေဖြင့် အခြားရွေးစရာမရှိတော့ပေ။ ထိုပြည်နယ်နှစ်ခု အကြိုရွေးကောက်ပွဲကို မတ် ၄ ရက်(အင်္ဂါနေ့)တွင် ကျင်းပမည်ဖြစ်သည်။ **(အင်တာနက်)**

တရုတ်အရှေ့ပိုင်း၌ မီးလောင်မှုဖြစ်ပွား

၁၁ ဦးသေဆုံး၊ လေးဦးဒဏ်ရာရ

ပေကျင်း ဖေဖော်ဝါရီ ၁၆

တရုတ်နိုင်ငံ ကျိကျန်းပြည်နယ် အရှေ့ပိုင်းရှိ ဟိုတယ်တစ်ခု၌ ဖေဖော်ဝါရီ ၁၅ရက်တွင် မီးလောင်မှုဖြစ်ပွားခဲ့ရာ ၁၁ဦးသေဆုံးပြီး လေးဦးဒဏ်ရာရရှိသွားကြောင်း ဆင်ဟွာသတင်းဌာနက သတင်းဖော်ပြသည်။

ဆက်လက်ဖော်ပြ

အဆိုပါမီးလောင်မှုမှာ ရီဂူမြို့ ချန်ဟွိုင်းဟိုတယ်၌ နံနက် ၁နာရီမိနစ်၅၀ တွင်ဖြစ်ပွားခဲ့ပြီး တစ်နာရီအတွင်း မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း၊ မီးသတ်တပ်ဖွဲ့ဝင်များက ၂၃ဦးအား ကယ်တင်ပေးနိုင်ခဲ့ကြောင်း၊ သို့သော်လည်း ၁၁ဦး သေဆုံးပြီး လေးဦးမှာ ကုသမှုခံယူနေကြောင်း ဆင်ဟွာက ဆက်လက်ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဘဝအမောပြေ

ယောကျ်ားဆိုတာ....

သေဆုံးသွားသော ဇနီးဖြစ်သူ၏နံဘေးတွင် ဝမ်းနည်းကြေကွဲစွာ ထိုင်နေသော ခင်ပွန်းအား မိတ်ဆွေတစ်ဦးက နှစ်သိမ့် ကရုဏာစကား ပြောကြားလေသည်။

မိတ်ဆွေ ။ ။ စိတ်ကိုဖြေစမ်းပါဗျာ။
ခင်ပွန်း ။ ။ ဟုတ်ကဲ့။
မိတ်ဆွေ ။ ။ လူတိုင်းသေမျိုးချည်းပါပဲ။
ခင်ပွန်း ။ ။ ဟုတ်ကဲ့။
မိတ်ဆွေ ။ ။ တော်တော်စိတ်မကောင်းဖြစ်နေလား။
ခင်ပွန်း ။ ။ လွန်ခဲ့တဲ့ သုံးနှစ်လောက်ကတည်းက ဒီလိုဖြစ်ရမှာ။
မိတ်ဆွေ ။ ။ ``ဗျာ''

နိုင်ငံတကာသတင်း စုစည်း ဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုးနှင့် ချစ်စိုးနိုင်

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ဗီယက်နမ် ငါးခူတင်ပို့မှု ဒေါ်လာတစ်ဘီလီယံကျော် ရရှိနိုင်

ဟနွိုင်း ဖေဖော်ဝါရီ ၁၆

ဗီယက်နမ်နိုင်ငံသည် ၂၀၀၇ ခုနှစ်က ငါးခူတင်ပို့ရောင်းချရာမှ အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော်ရရှိခဲ့ရာ ယခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံ ရရှိနိုင်ကြောင်း ဒေသထုတ်သတင်းစာတစ်စောင်ဖြစ်သည့် ယုဒ်သတင်းစာက ဖေဖော်ဝါရီ ၁၃ ရက်တွင် ရေးသားဖော်ပြသည်။

ကိုးကားဖော်ပြ

ကမ္ဘာ့ငါးခူ လိုအပ်ချက်သည် တရုတ်နှင့် အရှေ့ဥရောပမှ တင်သွင်းမှုများလာ၍ လိုအပ်ချက်မြင့်မားလာကြောင်း၊ ဗီယက်နမ်ငါးခူတင်ပို့ရောင်းချရေးလုပ်ငန်းက ပြောကြားလာသည်ကို ၎င်းသတင်းစာက ကိုးကား ဖော်ပြသည်။

တင်ပို့ခဲ့

ဗီယက်နမ်နိုင်ငံက ခန့်မှန်းထားရာ ၂၀၀၈ခုနှစ်တွင် အရှေ့ဥရောပသည် ဗီယက်နမ်နိုင်ငံ၏ ဒုတိယအကြီးဆုံး ငါးခူတင်သွင်းရာ ဒေသဖြစ်လာနိုင်ကြောင်း၊ ၂၀၀၇ခုနှစ်က ဥရောပသမဂ္ဂသည် ဗီယက်နမ်နိုင်ငံ၏ ငါးခူအများဆုံးတင်သွင်းသည့် ဒေသဖြစ်ခဲ့ကြောင်း၊ အမေရိကအလယ်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့၌လည်း ဗီယက်နမ်နိုင်ငံက ငါးခူအများအပြား တင်ပို့ခဲ့ကြောင်းသိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကုန်တင်သင်္ဘော

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်ရှိ အဲဗားဂလိတ်ဆိပ်ကမ်း၌ ကုန်ချရန် စောင့်ဆိုင်းနေသော ကုန်တင်သင်္ဘောတစ်စင်းကို ဖေဖော်ဝါရီ ၁၄ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

တရုတ်နိုင်ငံ၌ လေထုအရည်အသွေးကောင်းမွန်ရန် ရည်ရွယ်

စက်သုံးဆီ အရောင်းဆိုင်အချို့ ယာယီပိတ်ထားမည်

ပေကျင်း ဖေဖော်ဝါရီ ၁၆

တရုတ်နိုင်ငံသည် ဩဂုတ်လ အိုလံပစ်အားကစားပွဲမတိုင်မီ လေထုအရည်အသွေး တိုးတက်ကောင်းမွန်လာစေရန် ရည်ရွယ်လျက် ပေကျင်းမြို့ရှိ စက်သုံးဆီအရောင်းဆိုင် ၁၀ရာခိုင်နှုန်းကို ယာယီပိတ်ထားမည်ဖြစ်ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

မေလကုန်ပိုင်းမှစ၍ စက်သုံးဆီအရောင်းဆိုင် ၁၄၄ဆိုင်ကို ပိတ်ထားမည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းဌာနက သတင်းထုတ်ပြန်ကြေညာသည်။

လျှော့ချနိုင်မည်

စက်သုံးဆီအရောင်းဆိုင်များ ပိတ်ထားမည်ဖြစ်၍ မော်တော်ကားမောင်းနှင်မှု နည်းပါးကာ လေထုညစ်ညမ်းမှုကို လျှော့ချနိုင်မည်ဟုဆိုသည်။

တရုတ်နိုင်ငံပေကျင်းမြို့သည် ကမ္ဘာ့လေထု အညစ်ညမ်းဆုံးမြို့များတွင် တစ်မြို့အပါအဝင် ဖြစ်ပြီး စက်သုံးဆီ အရောင်းဆိုင် ၁၀၀၀ကျော်ရှိသည်။

(အင်တာနက်)

အိန္ဒိယသမုဒ္ဒရာ အနားသတ်ဒေသရှိ နိုင်ငံများ ကဏ္ဍအများအပြား၌ ပူးပေါင်းမှုလိုအပ်

နယူးဒေလီ ဖေဖော်ဝါရီ ၁၆

အိန္ဒိယသမုဒ္ဒရာ အနားသတ်ဒေသရှိ နိုင်ငံများအနေဖြင့် အကြမ်းဖက်မှု၊ ရာဇဝတ်မှုနှင့် အခြားကိစ္စအများအပြားကို ပူးပေါင်းလက်တွဲဖြေရှင်းသွားကြရန် အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းက ဖေဖော်ဝါရီ ၁၅ရက်၌ တိုက်တွန်း ပြောကြားလိုက်သည်။

ပြောကြား

အိန္ဒိယသမုဒ္ဒရာဒေသရှိ နိုင်ငံများသည် ပူးပေါင်းဆောင်ရွက်မှုများ လိုအပ်ချက် ရှိနေဆဲဖြစ်ကြောင်း၊ အကြမ်းဖက်မှု တားဆီးရေးလုပ်ငန်းများ၌ ကြိုတင်ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှုများ လိုအပ်နေဆဲပင်ရှိကြောင်း မစ္စတာမန်မိုဟန်ဆင်းက ပြောကြားသည်။

သတိပေး

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ကျင်းပသည့် အိန္ဒိယသမုဒ္ဒရာ နိုင်ငံများမှ ရေကြောင်းဆိုင်ရာ အကြီးအကဲများ၊ အရာရှိများနှင့် ထိပ်တန်းအရာရှိများ အစည်းအဝေး၌ အိန္ဒိယဝန်ကြီးချုပ်က သတိပေးပြောကြားလိုက်ခြင်းဖြစ်သည်။

(အင်တာနက်)

ဘိုလီးဗီးယားနိုင်ငံမှမြောက်ဘက်ရှိ ထရီနီဒက်နိုင်ငံသို့ သွားသော ရေလွှမ်းနေသည့် အဝေးပြေးလမ်းမကြီးပေါ်တွင် ဒေသခံများ ရေချိုး၊ အဝတ်လျှော်နေကြသည်ကို ဖေဖော်ဝါရီ ၁၄ရက်က ဤသို့တွေ့ရသည်။

(အင်တာနက်ဓာတ်ပုံ)

ကျေးလက်ဒေသဖွံ့ဖြိုးရေး နီပေါ၌ စီမံကိန်းများ အကောင်အထည်ဖော်

ခတ္တမန္ဒူ ဖေဖော်ဝါရီ ၁၆

ခေတ်မီဖွံ့ဖြိုးသည့် ကျေးရွာတည်ဆောက်ရေး စီမံကိန်းတစ်ရပ်အဖြစ် နီပေါ၌ ကျေးရွာ ၁၅ရွာကို အဆင့်မြှင့်တင် တည်ဆောက်မည်ဖြစ်ကြောင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ (ဗွီဒီစီအက်စ်)မှ နီပေါနိုင်ငံ အမျိုးသားသတင်းအေဂျင်စီက ဖေဖော်ဝါရီ ၁၄ ရက်၌ သတင်းထုတ်ပြန်သည်။

တစ်ပြေးညီလုပ်ဆောင်

ယင်းလုပ်ငန်းစီမံကိန်းအရ ဒေသငါးခုကို စတင်အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ရာ ဖွံ့ဖြိုးရေးဒေသများအဖြစ် နီပေါနိုင်ငံအရှေ့ပိုင်းဒေသ၊ အလယ်ပိုင်းဒေသ၊ အနောက်ပိုင်းဒေသ၊ အနောက်အလယ်ပိုင်းဒေသနှင့် အနောက်ဖျားဒေသတို့ကို အဆင့်မြှင့်တင်ဆောင်ရွက်မည်ဖြစ်ကြောင်း (ဗွီဒီစီအက်စ်)မှ တစ်ပြေးညီလုပ်ဆောင်မည်ဖြစ်သည်။ အဆိုပါ ခေတ်မီကျေးရွာတည်ဆောက်ရေးတွင် နိုင်ငံ၏ အခြေခံလိုအပ်လျက်ရှိသည့် တည်ဆောက်ရေးကဏ္ဍနှင့် လူနေမှုအဆင့်အတန်းမြှင့်မားရေးတို့ကို သုံးနှစ်တာစီမံကိန်းကာလအတွင်း အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်သည်။

အခြားသော ပညာရေး၊ ကျန်းမာရေး စိတ်အပန်းပြေစေရန် တည်ဆောက်မှု၊ သောက်သုံးရေ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဒေသဆိုင်ရာ ယဉ်ကျေးမှု၊ ခရီးသွားလုပ်ငန်း၊ စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးဆိုင်ရာဖျော်ဖြေမှုနှင့် ကုန်သွယ်ရေးဆိုင်ရာများကို မြှင့်တင်လုပ်ဆောင်မည်ဖြစ်ပြီး နိုင်ငံအစိုးရအနေဖြင့် အမေရိကန်ဒေါ်လာ ၂၅သန်းခန့် စတင်အသုံးပြုမည်ဖြစ်ကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

လှုပ်လှုပ်ရှားရှား အင်တာနက်ပုံရိပ်များ

တိုက်မိ

အယ်လ်ဂျီးရီးယားနိုင်ငံ အရှေ့တောင်ဘက် ကမ်းလွန်တွင် ဖေဖော်ဝါရီ ၁၅ ရက်က ငါးဖမ်းစက်လှေ တစ်စင်းနှင့် ကုန်တင်သင်္ဘော တစ်စင်းတို့ တိုက်မိခဲ့ကြသည့် မြင်ကွင်းကို ဤသို့ တွေ့ရသည်။

(အင်တာနက်ဓာတ်ပုံ)

ဘင်္ဂလားဒေ့ရှ် ကြက်ငှက်တုပ်ကွေးဖြစ်ပွားမှု အခြားခရိုင်များသို့ ကူးစက်ပြန့်ပွားခဲ့

ဒါကာ ဖေဖော်ဝါရီ ၁၆

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားရာဒေသတွင် ကြက်ငှက်များကို အစုအပြုံလိုက် သုတ်သင်ခဲ့သော်လည်း အခြားဒေသများသို့ ကူးစက်ပျံ့နှံ့လျက်ရှိကြောင်း၊ ခရိုင် ၆၄ ခုရှိသည့် အနက် ၄၂ ခုတွင် ယင်းရောဂါဒဏ်ကို ခံစားခဲ့ရကြောင်း တာဝန်ရှိသူများက ဖေဖော်ဝါရီ ၁၅ ရက်၌ ပြောကြားခဲ့သည်။

သုတ်သင်ခဲ့

ယင်းနိုင်ငံအရှေ့တောင်ပိုင်း ကိုမီလ်လာဒေသတွင် ကြက်အချို့ ကြက်ငှက်တုပ်ကွေးဗိုင်းရပ်စ်ကြောင့် သေဆုံးသည်ဟု အတည်ပြုပြီးနောက် ကျန်းမာရေးလုပ်သားများက ကြက်ကောင်ရေ ၂၅၀၀၀ နီးပါးကို သုတ်သင်ခဲ့ကြသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် လွန်ခဲ့သောနှစ် မတ်လက ပထမဦးဆုံးဖြစ်ပွားခဲ့ရာ ကြက်များကို သုတ်သင်ခြင်းဖြင့် ကူးစက်ပြန့်ပွားမှုကို လျင်မြန်စွာထိန်းချုပ်နိုင်ခဲ့သည်။ **အမ်အင်န်အေ၊ရိုက်တာ**



ရှားပါးလင်းပိုင်ဖြူနှင့် ကလေးငယ်

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ရှိ အဏ္ဏဝါပြတိုက်တစ်ခု၌ ရှားပါးလင်းပိုင်ဖြူတစ်ကောင်နှင့် စိတ်ဝင်စားစွာ ကြည့်ရှုနေသော ကလေးငယ်တစ်ဦးတို့၏ မြင်ကွင်းကို ဖေဖော်ဝါရီ ၁၅ ရက်၌ ဤသို့ တွေ့ရသည်။

(အင်တာနက်ဓာတ်ပုံ)

မြန်မာ့အလင်း နိုင်ငံတကာမှုခင်းဖြစ်ရပ်

ကျွန်မချစ်မိ အပြစ်ရှိ၏

ချစ်စိုးနိုင် ကိုးကားရေးဖွဲ့သည်

ဆစ်ဒနီမြို့သည် ဩစတြေးလျနိုင်ငံ၏ မြို့တော်ဖြစ်သလို ယင်းနိုင်ငံရှိ နယူးဆောက်သ်ဝေး ပြည်နယ်၏ မြို့တော်ဖြစ်သည်။ ဩစတြေးလျနိုင်ငံ၏ အရှေ့တောင်ပိုင်းတွင်ရှိသော ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်ပြီး လူဦးရေ လေးသန်းနီးပါးမျှနေထိုင်သောမြို့ကြီး ဖြစ်သည်။ ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်သဖြင့် ပင်လယ်၏သဘာဝအလှအပ ရှုခင်းများကို တဝကြီးကြည့်ရှုခံစားနိုင်သည်။ ရေလမ်းခရီး၊ ကုန်းလမ်းခရီးမှလာသော ကုန်ပစ္စည်းများကို ဖလှယ်ရာ မြို့ကြီးလည်းဖြစ်သည်။

ကိုယ်ဟန်ပြမယ် ချားလော့တီ လင်းစတွမ်း။

တည်းခိုခဲ့ကြ

ထိုသို့ ဆစ်ဒနီမြို့သို့ ၂၀၀၇ခုနှစ် မေလဆန်းပိုင်းက ဆွီဒင်နိုင်ငံမှ အသက် ၂၃ နှစ်အရွယ်ရှိ ဆွီဒင်အမျိုးသမီး ကိုယ်ဟန်ပြမယ် ချားလော့တီ လင်းစတွမ်းသည် အလုပ်အားလပ်ရက် အပန်းဖြေရန် ရောက်ရှိလာခဲ့သည်။ သူသည် အမျိုးသားမိတ်ဆွေတစ်ဦးနှင့် အတူလာခဲ့ခြင်းဖြစ်သည်။ အပန်းဖြေရန် ထွက်လာသော သူတို့နှစ်ဦးသည် ဆစ်ဒနီမြို့ရှိ ဟိုတယ်ကြီးတစ်ခုတွင် တည်းခိုခဲ့ကြကာ လွတ်လပ် ပျော်ရွှင်စွာ နေထိုင်ခဲ့ကြသည်။

ချားလော့တီအနေဖြင့်သူနှစ်သက်မြတ်နိုးသော အမျိုးသားမိတ်ဆွေကို ခေါ်ယူကာ အပန်းဖြေခရီးထွက်လာခဲ့ရသည့်အတွက် သူ့အတွက် ပန်းခင်းလမ်းကို လျှောက်လှမ်းနေရသကဲ့သို့ ခံစားနေရပြီး သုခဘုံသို့ ရောက်နေသည်ဟု ထင်မိလေသည်။ သူ့အနေဖြင့် အမျိုးသားမိတ်ဆွေနှင့် ခြောက်ရက်မျှ နေထိုင်လာပြီးသောအခါ ၎င်းဝါသနာပါ နှစ်ခြိုက်သည့်အလုပ်ကို သိရှိခဲ့ရတော့သည်။

အလိုလိုက်ခဲ့ရ

ထိုသို့ထဲထဲဝင်ဝင်သိခဲ့သော်လည်း ချားလော့တီ အနေဖြင့် သူ၏အမျိုးသားအား ချစ်သည့်စိတ်ဖြင့် မည်သို့မျှ မတတ်နိုင်တော့ဘဲ အလိုလိုက်ခဲ့ရသည်။ ထိုအရာကား အခြားမဟုတ်ပေ။ သူ၏ အမျိုးသား မိတ်ဆွေသည် မူးယစ်ဆေးသုံးစွဲတတ်သူမှန်း သိခဲ့ရခြင်းပင်ဖြစ်သည်။

ချောက်ကမ်းပါးထဲသို့

ချားလော့တီသည် သူ၏ အမျိုးသားကို မြတ်နိုးသည့် စိတ်ကြောင့် ၎င်း၏မူးယစ်ဆေးသုံးစွဲမှုကိုတားမြစ်ခြင်းဌာမစွမ်းသာခဲ့ပေ။ထိုသို့ အလိုလိုက်ရင်းမှ သူ့အနေဖြင့် ရှေ့မတိုးသာ နောက်မဆုတ်သာ အခြေအနေသို့ ရောက်ရှိကာ အမျိုးသားမိတ်ဆွေ၏ ပြဿနာ ဝဲဂယက်ထဲမှ ရုန်းမထွက်နိုင်သောအဖြစ်နှင့် ကြုံခဲ့ရသည်။ ထို့အပြင် သူ၏ဘဝသည်လည်း အနက်ရှိုင်းဆုံး ချောက်ကမ်းပါးထဲသို့ ကျသွားသည့် အလား နစ်မွန်းခဲ့ရသည်။

ပက်ပင်းတိုး

သူနှင့် သူ၏အမျိုးသား မိတ်ဆွေတို့ အပန်းဖြေသည့် တည်းခိုခန်း၌ ၁၀ရက်မြောက်သောနေ့တွင် သူ့ဘဝ၌ အကြီးမားဆုံးပြဿနာနှင့် ရင်ဆိုင်ခဲ့ရသည်။ ထိုနေ့ နံနက်စောစောပိုင်းက သူ၏အမျိုးသား မူးယစ်ဆေးသုံးစွဲနေချိန်တွင် အခန်းသန့်ရှင်းရေးတာဝန်ကျ ဟိုတယ်ဝန်ထမ်းလူငယ်နှစ်ဦးက အခန်းသန့်ရှင်းရေးလုပ်ရန်ဝင်ရောက်ခဲ့ချိန်နှင့် မထင်မှတ်ဘဲ ပက်ပင်းတိုးသွားတော့သည်။

သတ်ဖြတ်ရန်ကြံစည်

သူ၏အမျိုးသားသည် ခါတိုင်းကဲ့သို့ ပိရိစွာမသုံးစွဲမိဘဲ သတိလက်လွတ်ဖြစ်သွားခဲ့ခြင်းကြောင့် ဟိုတယ်ဝန်ထမ်း နှစ်ဦးက အမျိုးသား၏ လျှို့ဝှက်ချက်ကို သိသွားခြင်းဖြစ်သည်။ ထိုအခါမှ ချားလော့တီ၏ အမျိုးသားက ချားလော့တီအား ဟိုတယ်ဝန်ထမ်းနှစ်ဦးကို ဥပါယ်တံမျဉ်ဖြင့် ၎င်းတို့ရှိရာ အခန်းသို့ ပြန်လည်ခေါ်ဆောင်စေခဲ့သည်။ ယင်းဝန်ထမ်းနှစ်ဦး သူတို့၏ အခန်းအတွင်းသို့ ရောက်သောအခါမှ သူတို့နှစ်ဦးအနက် အမျိုးသားက သတ်ဖြတ်ရန် ကြံစည်ခဲ့တော့သည်။

လွတ်မြောက်မည်

ယင်းဝန်ထမ်း နှစ်ဦးက အတင်းရုန်းကန်ထွက်ပြေး လွတ်မြောက်ခဲ့သည်။ ထိုဝန်ထမ်းနှစ်ဦး၏ တိုင်ကြားမှုကြောင့် ချားလော့တီ၏ အမျိုးသားမှာ မူးယစ်ဆေးသုံးစွဲမှု၊ လူသက်သေနှစ်ဦးကို သတ်ရန်ကြံမှု၊ ချားလော့တီမှာမူ လိမ်လည်ဖြား ယောင်းမှု၊ သူ့အမျိုးသား လူသတ်ရန် ကြိုးစားရာတွင် ပူးပေါင်းကြံစည်မှုဖြင့် ၂၀၀၇ ခုနှစ် မေလအတွင်းမှာပင် ဖမ်းဆီးတရားစွဲဆိုခြင်းကိုခံခဲ့ရပြီး ယခုအထိ အမှုရင်ဆိုင်နေရဆဲဖြစ်သည်။ ချားလော့တီမှာ သူ၏အမျိုးသား လူသတ်မှုကျူးလွန်ရန် ကြိုးပမ်းခဲ့မှု၌ မပါဝင်ကြောင်း အထောက်အထား ခိုင်လုံမှသာ သူ့အမှုအတွက် ထောင်ဒဏ် ၂၅နှစ်ဘေးမှ လွတ်မြောက်မည်ဖြစ်သည်။

> **အလိုလိုက်ရင်းမှ သူ့အနေဖြင့် ရှေ့မတိုးသာ နောက်မဆုတ်သာ အခြေအနေသို့ ရောက်ရှိကာ အမျိုးသားမိတ်ဆွေ၏ ပြဿနာ ဝဲဂယက်ထဲမှ ရုန်းမထွက်နိုင်သော အဖြစ်နှင့် ကြုံခဲ့ရ။**

မှတ်သားဖွယ်ရာ

ချားလော့တီသည် သူ၏ အမျိုးသားမိတ်ဆွေ လမ်းမှားရောက်နေသည်ကို ဖျောင်းဖျပြုပြင်ရန် မကြိုးစားဘဲ အလိုလိုက်ကာ အားပေးအားမြှောက်ပြုမိခဲ့သဖြင့် ဒုက္ခရောက်ခဲ့ရသောအဖြစ်ကိုလူတိုင်းသင်ခန်းစာယူသင့်ကြောင်းချားလော့တီ၏ ကျွန်မချစ်မိ အပြစ်ရှိ၏ ဟူသကဲ့သို့သော မှုခင်းဖြစ်ရပ်ကို မှတ်သားဖွယ်ရာ အဖြစ် ဖော်ပြလိုက်ရပါကြောင်း။ ။

သတင်းမှပေးသော အသိနှင့် သတိပြုဖွယ်

အစားမဆင်ခြင်ပါလျှင် ....

တရုတ်နိုင်ငံ အန်ဟွေးပြည်နယ်အနောက်ပိုင်း ကျေးရွာတစ်ရွာ၌ ဖေဖော်ဝါရီ ၁၅ ရက်က အစာအဆိပ်သင့်မှုဖြစ်ပွားကာ တစ်ဦးသေဆုံးပြီး နှစ်ဦးကို ဆေးရုံတင်ပို့ခဲ့ရကြောင်း ရဲတပ်ဖွဲ့အရာရှိများက ပြောကြားသည်။

သေဆုံးခဲ့

ဖြစ်ပွားပုံမှာ ဖေဖော်ဝါရီ၁၅ရက်က အဆိုပါကျေးရွာသား လူငယ်သုံးဦးတို့သည် လိပ်သားနှင့် မှိုများကို ရောနှောချက်ပြုတ်စားခဲ့ပြီးနောက် အော့အန်မူးဝေခဲ့သဖြင့် နီးရာဆေးရုံသို့တင်ပို့ခဲ့ရာ လမ်း၌ပင် လူငယ်တစ်ဦး သေဆုံးခဲ့ခြင်းဖြစ်သည်။

ဆင်ခြင်စားသုံးသင့်

ထို့ကြောင့် အစားအစာများ ချက်ပြုတ်စားသောက်ရာတွင် သတိပြုဆင်ခြင်စားသုံးသင့်ကြောင်း သင်ခန်းစာယူဖွယ်ရာပင် ဖြစ်ပါသည်။

မောင်မောင်မြင့်ဆွေ

မလေးရှား အထွေထွေရွေးကောက်ပွဲ လာမည့်မတ် ၈ ရက်တွင် ကျင်းပမည်

ကွာလာလမ်ပူ ဖေဖော်ဝါရီ ၁၆

မလေးရှားနိုင်ငံသည် ၎င်းနိုင်ငံ၏ အထွေထွေရွေးကောက်ပွဲကို မတ် ၈ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း ရွေးကောက်ပွဲကော်မရှင်ရုံးက ဖေဖော်ဝါရီ၁၄ရက်တွင် ထုတ်ပြန်ကြေညာသည်။

အဆိုပြုတင်သွင်း

ရွေးကောက်ပွဲဝင်ကိုယ်စားလှယ်လောင်းများသည် ဖေဖော်ဝါရီ ၂၄ ရက်တွင် အဆိုပြုတင်သွင်းရမည်ဖြစ်ကြောင်း ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ အဗ္ဗဒူလ်ရာရှစ် အဗ္ဗဒူလ်ရာမန်က ပူထရာဂျားယား၌ ပြောကြားသည်။

ပါဝင်

ယင်းရွေးကောက်ပွဲသည် ပါလီမန်အမတ် ၂၂၂နေရာနှင့် ပြည်နယ် ၁၂ခုမှ ပြည်နယ်အမတ် နေရာ ၅၀၅ နေရာအတွက် ရွေးချယ်ပေးရမည် ဖြစ်သည်။

ကြေညာ

မလေးရှားဝန်ကြီးချုပ် အဗ္ဗဒူလ် အာမက်ဘာဒါဝီသည် ဘာရီဆန် အမျိုးသားပါတီကို ဦးဆောင်ကာ ဒုတိယအကြိမ်ရွေးကောက်ပွဲဝင်မည်ဖြစ်ကြောင်း၊ ၎င်းသည် အထွေထွေရွေးကောက်ပွဲအတွက်လမ်းခင်းပေးရန် ပါလီမန်ကို ဖျက်သိမ်းကြောင်း ဖေဖော်ဝါရီ ၁၃ ရက်က ကြေညာလိုက်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

စာအုပ်ဈေးပွဲတော်

တရုတ်နိုင်ငံ ယန်ချွမ်မြို့၌ ကျင်းပသည့်စာအုပ်ဈေးပွဲတော်ကို ဖေဖော်ဝါရီ ၁၆ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့အကြား လေကြောင်းပျံသန်းမှု နှစ်ဆတိုးမြှင့်မည်

နယူးဒေလီ ဖေဖော်ဝါရီ ၁၆

အိန္ဒိယနိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့သည် နှစ်နိုင်ငံအကြား ခရီးသည်တင်လေယာဉ်များ ပျံသန်းပြေးဆွဲမှုမှာ တစ်ပတ်လျှင် နှစ်ဆတိုးမြှင့်သွားရန် သဘောတူညီလိုက်သည်။

သဘောတူညီ

ယင်းနှစ်နိုင်ငံသည် လေကြောင်းလိုင်းသစ်များ တိုးချဲ့ပျံသန်းရန်လည်း သဘောတူညီလိုက်သည်။

ပျံသန်း

လောလောဆယ်တွင် အိန္ဒိယနိုင်ငံ နယူးဒေလီနှင့် မွန်ဘိုင်းမြို့၊ ပါကစ္စတန်နိုင်ငံ လာဟိုးနှင့် ကရာချိမြို့တို့အကြား တစ်ပတ်လျှင် လေယာဉ်ပျံသန်းမှု စုစုပေါင်း ၁၂စင်းရှိသည်ဟု ဆိုသည်။

နယူးဒေလီနှင့် လာဟိုးမြို့ အကြား ပျံသန်းပြေးဆွဲမည့် လေယာဉ်။

ပါကစ္စတန် နိုင်ငံတကာလေကြောင်းလိုင်းနှင့် အိန္ဒိယလေကြောင်းလိုင်းတို့သည် အဆိုပါမြို့ကြီးလေးမြို့အကြား အပြန်အလှန် ပျံသန်းပြေးဆွဲနေသည်။

တိုးချဲ့ပြေးဆွဲ

ထို့အပြင် ပါကစ္စတန်နိုင်ငံ မြို့တော် အစ္စလာမ္မာဘတ်မြို့နှင့် အိန္ဒိယနိုင်ငံ ချန်နိုင်းမြို့တို့အကြားလည်း ခရီးစဉ်သစ်များ တိုးချဲ့ပြေးဆွဲသွားမည်ဖြစ်ကြောင်းသိရသည်။

အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့သည် အထက်ပါစာချုပ်အရ နှစ်နိုင်ငံမြို့တော်များအကြား လေကြောင်းခရီးစဉ်များတိုးချဲ့ကာ တိုက်ရိုက်ပျံသန်းပြေးဆွဲကြမည်ဖြစ်သည်။

(အင်တာနက်)

အရှေ့တီမောမြို့တော်ဒီလီ လုံခြုံရေး တိုးမြှင့်ချထားရ

ဒီလီ ဖေဖော်ဝါရီ ၁၆

အရှေ့တီမောနိုင်ငံ၌ ဖေဖော်ဝါရီ ၁၁ ရက်က သမ္မတရာမို့စ်ဟော်တာနှင့် ဝန်ကြီးချုပ် ဂူစမာအိုတို့ နှစ်ဦးအား သူပုန်များက ပစ်ခတ်တိုက်ခိုက်ပြီးနောက် မြို့တော်ဒီလီမှာ ဆိတ်ငြိမ်လျက်ရှိသည်။

ကုသမှုခံယူ

ဝန်ကြီးချုပ် ဂူစမာအိုတစ်စုံတစ်ရာ ထိမှန်ခြင်း မရှိသော်လည်း သမ္မတရာမို့စ်ဟော်တာမှာ ဩစတြေးလျနိုင်ငံ ဒါဝင်မြို့ဆေးရုံ၌ သုံးကြိမ်တိုင်ခွဲစိတ်ကုသမှုခံယူနေရသည်။

တိုးမြှင့်ချထား

ထိုအတောအတွင်း ဒီလီမြို့တော်၌ ငြိမ်းချမ်းရေးထိန်းသိမ်းမှု တပ်များ တိုးမြှင့်ချထားသည်။ အရှေ့တီမောနိုင်ငံ၏ ဒီမိုကရေစီစနစ် မပျက်ပြုန်းရေးအတွက် အကူအညီများပေးသွားမည်ဖြစ်ကြောင်း ခေတ္တအလည်ရောက်လာသည့် ဩစတြေးလျဝန်ကြီးချုပ် ကေဗင်က ပြောကြားသည်။

ဆွေးနွေး

အရှေ့တီမောနိုင်ငံ၏ ရေရှည်စီးပွားရေး ပြဿနာများကိုလည်း နှစ်နိုင်ငံ ဝန်ကြီးချုပ် နှစ်ဦးတို့က ဆွေးနွေးကြသည်။ (အင်တာနက်)

သမ္မတအာရိုယိုအား ကန့်ကွက်ဆန္ဒပြပွဲ မနီလာမြို့တော် အတွင်း၌ ဖြစ်ပွား

မနီလာ ဖေဖော်ဝါရီ ၁၆

အဂတိလိုက်စားမှုဆိုင်ရာ ကျော်မကောင်းကြားမကောင်းမှုအတွက် ဖိလစ်ပိုင်သမ္မတ ဂလိုရီယာမကာပါဂါလ် အာရိုယို ရာထူးမှ ဆင်းပေးရန် မနီလာမြို့တော်၌ သောကြာနေ့က ထောင်ပေါင်းများစွာသော ပြည်သူတို့ စုရုံးကန့်ကွက် ဆန္ဒပြခဲ့ကြသည်။

ဆန္ဒပြ

လက်ဝဲတက်ကြွလှုပ်ရှားသူများ၊ လူငယ်များနှင့် ဘာသာရေးအုပ်စုဝင်များ အများစုပါဝင်သည့် လူ ၁၀၀၀၀ ခန့်တို့ လမ်းပေါ်ထွက်ဆန္ဒပြကြကြောင်း ရဲတပ်ဖွဲ့က ကြေညာသည်။

ကန့်ကွက်

ကြေးနန်းဆက်သွယ်ရေးစာချုပ် ကိစ္စတစ်ခုတွင် အစိုးရဖြတ်စား လာဘ်စားမှုကို အထက်လွှတ်တော်က စုံစမ်းစစ်ဆေးမှုကိစ္စ အကြောင်းပြု၍ မကျေနပ်ကာ ယင်းကဲ့သို့ ကန့်ကွက်ဆန္ဒပြကြခြင်းဖြစ်သည်။

ဖော်ပြထား

ဤတစ်ကြိမ်ဆန္ဒပြပွဲမှာ ၂၀၀၅ ခုနှစ်က သမ္မတအာရိုယိုကို ပြည်သူတို့ ကန့်ကွက်ဆန္ဒပြပြီးနောက် အကြီးမားဆုံး ဆန္ဒပြပွဲဖြစ်သည်ဟု ရိုက်တာက ဖော်ပြသည်။

အမ်အင်န်အေ၊ရိုက်တာ

အကြမ်းဖက်မှုကင်းစင်သည့် နိုင်ငံအဖြစ် ကမ္ဘောဒီးယားဝန်ကြီးချုပ် ကြေညာ

ဖနောင်ပင် ဖေဖော်ဝါရီ ၁၆

ကမ္ဘောဒီးယားနိုင်ငံသည်အကြမ်းဖက်မှုကင်းစင်သည့် နိုင်ငံဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်းများ ဆက်လက်ဖွံ့ဖြိုးလာခြင်းသည် အကြမ်းဖက်မှုကင်းစင်ခြင်းကြောင့် ဖြစ်ကြောင်း ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆင်က ဖေဖော်ဝါရီ ၁၄ရက်တွင် ပြောကြားသည်ကို ခမာနေ့စဉ်သတင်းစာ၌ ကိုးကားဖော်ပြသည်။

ပြောကြား

ကမ္ဘောဒီးယားနိုင်ငံ ဆီအမ်ရိဒ်၌ ကျင်းပသော အကြမ်းဖက်မှု တိုက်ဖျက်ရေး ကွန်ဖရင့်တွင် ဟွန်ဆင်က အထက်ပါအတိုင်း မှတ်ချက်ပြု ပြောကြားခဲ့ခြင်း ဖြစ်သည်။

ဆောင်ရွက်ခဲ့

ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၀၂ ခုနှစ်က ဟမ်ဘာလီအုပ်စုကဲ့သို့ အကြမ်းဖက်တိုက်ခိုက်သမားများကို ပစ်မှတ်ထား တိုက်ဖျက်ခဲ့ကြောင်း ၎င်းက အာဆီယံနိုင်ငံများနှင့် အမေရိကန်နိုင်ငံမှ တက်ရောက်လာသော ကိုယ်စားလှယ်များအား ပြောကြားသည်။

လက်တွဲတိုက်ဖျက်

ကမ္ဘောဒီးယားနိုင်ငံသည် အကြမ်းဖက် တိုက်ခိုက်မှုများကို လက်တွဲတိုက်ဖျက်သွားမည်ဟုလည်း ဟွန်ဆင်က ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

နျူကလီးယားရေငုပ်သင်္ဘော အမျိုးအစားသစ် ရုရှားနိုင်ငံတွင် စတင်ရေချ

မော်စကို ဖေဖော်ဝါရီ ၁၆

ရုရှားနိုင်ငံသည် ဆိုဗီယက်ပြိုကွဲပြီးနောက် ၎င်း၏ပထမဆုံးမျိုးဆက်သစ် နျူကလီးယားရေငုပ်သင်္ဘောကို ရေချခဲ့ကြောင်း **(ဝဲပုံ)**ရေငုပ်သင်္ဘောထုတ်လုပ်သူများက ဖေဖော်ဝါရီ ၁၃ရက်တွင် ပြောကြားသည်။

ထုတ်ပြန်ကြေညာ

ယူရိဒေါ်ဂိုရုကီဟုအမည်ပေးထားသော အဆိုပါရေငုပ်သင်္ဘောကို ဖေဖော်ဝါရီ ၁၂ရက် ညပိုင်းက ဆီဗာရော့ဗင့်ချ်မြို့ ရုရှားနိုင်ငံ၏ လျှို့ဝှက်သင်္ဘောကျင်းတစ်ခုမှ ရေချခဲ့ခြင်းဖြစ်ကြောင်း ၎င်းသင်္ဘောကျင်းမှ ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြသည်။ ရေချရန်ကြန့်ကြာနေသော ၎င်းရေငုပ်သင်္ဘောသည် ပြီးခဲ့သည့်နှစ်က ခြောက်သွေ့သည့် သင်္ဘောကျင်းသို့ ရွှေ့ပြောင်းခဲ့ရကြောင်း ဒုတိယဝန်ကြီးချုပ် ဆာဂျီအီဗာနော့ဗ်က ပြောကြားသည်။

သေဆုံး

ရုရှားရေတပ်သည် ၂၀၀၀ပြည့်နှစ် ဩဂုတ်လက ဘာရင့်ပင်လယ်၌ ကာ့စ်ရေငုပ်သင်္ဘော မတော်တဆမှုဖြစ်ပွားခဲ့ရာ လိုက်ပါသွားသည့် သင်္ဘောသား ၁၁၈ဦး သေဆုံးခဲ့ရသည်။

အမ်အင်န်အေ၊ရိုက်တာ

ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ

၁၆-၂-၂၀၀၈

အီရန်နျူကလီးယား အစီအစဉ် တိကျသော အဖြေရှာရန်လိုအပ်

အီရန်၏အငြင်းပွားဖွယ်ရာ နျူကလီးယားအစီအစဉ်နှင့်ပတ်သက်ပြီး ပိုမိုတိကျသော အဖြေတစ်ခုရရှိရေး စုံစမ်းစစ်ဆေးရန် နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီအား ပြင်သစ်သမ္မတ နီကိုလက်စ်ဆာကိုဇီက တိုက်တွန်းလိုက်သည်။

အိုင်အေအီးအေအနေဖြင့် အီရန်၏ နျူကလီးယားအစီအစဉ်နှင့်ပတ်သက်ပြီး ကုလသမဂ္ဂနှင့်အိုင်အေအီးအေတို့ ယခုထက်နီးကပ်စွာ ပူးတွဲဖြေရှင်းသင့်ကြောင်း ပြင်သစ်သမ္မတက ပြောကြားသည်။

ဂျော်ဒန်အထည်ချုပ်လုပ်ငန်း အီတလီကူညီ

အသင့်ချုပ်အဝတ်အထည် လုပ်ငန်းများနှင့်ပတ်သက်၍ ဂျော်ဒန်နိုင်ငံအား အီတလီအစိုးရက အမေရိကန်ဒေါ်လာ ၅ဒသမ၁၁သန်း တိုးချဲ့အကူအညီပေးမည်ဖြစ်ကြောင်း ဂျော်ဒန်အရာရှိများက ပြောကြားသည်။

ထိုသို့ အကူအညီပေးသည့် ငွေများကို အထည်ချုပ်လုပ်ငန်းများ၊ အလတ်စားနှင့်အငယ်စား စက်မှုလုပ်ငန်းများအတွက် အသုံးပြုရန်ဖြစ်ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

နယ်စပ်လုံခြုံရေး ဟားမတ်စ်နှင့်အီဂျစ်တို့ ဆွေးနွေး

နယ်စပ်လုံခြုံရေးနှင့် ပတ်သက်ပြီး ဟားမတ်စ်အဖွဲ့နှင့် အီဂျစ်အရာရှိများ အီဂျစ်နိုင်ငံ အီလ်အာရစ်မြို့၌ ဆွေးနွေးကြကြောင်း အီဂျစ်အရာရှိများက ပြောကြားသည်။

ပြီးခဲ့သည့် သီတင်းပတ်က ဂါဇာနှင့်အီဂျစ်နယ်စပ်ကို အီဂျစ်တို့က ပိတ်ထားခဲ့သည့်အတွက် ပါလက်စတိုင်းဒေသခံများ စားနပ်ရိက္ခာများနှင့်ပတ်သက်ပြီး အခက်အခဲများ ကြုံတွေ့ခဲ့ရသည်။

ပြည်ပနိုင်ငံများ၌ ဗီယက်နမ်ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်

ဗီယက်နမ်နိုင်ငံသည် ပြည်ပသို့ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်အောင် စွမ်းဆောင်လျက်ရှိရာ၂၀၀၈-၂၀၁၀ကာလအတွင်း အမေရိကန်ဒေါ်လာသန်း ၅၀၀ကျော် ပြည်ပနိုင်ငံများသို့ ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း ဗီယက်နမ်အရာရှိများက ပြောကြားသည်။

လောလောဆယ်တွင် ဗင်နီဇွဲလားနိုင်ငံ၌ အမေရိကန်ဒေါ်လာသန်း ၂၀၀ကျော် ကုန်ကျခံကာ ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်သလို ဒိုမီနီကန်၌လည်း ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်သွားမည်ဖြစ်သည်။

တမီးလ်ကျားသူပုန်တို့အား အစိုးရတပ်ဖွဲ့များ လေကြောင်းမှ တိုက်ခိုက်

သီရိလင်္ကာအစိုးရ တပ်ဖွဲ့များက တမီးလ်ကျားသူပုန်တို့ ထိန်းချုပ်ထားရာ မူလာတီဗျူခရိုင်ရှိ တီရာဗီကူလမ်ကျေးရွာအား လေကြောင်းမှတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်း သီရိလင်္ကာအရာရှိများက ပြောကြားသည်။

ထိုသို့ သီရိလင်္ကာအစိုးရတပ်ဖွဲ့များက လေကြောင်းမှ တိုက်ခိုက်မှုကြောင့် တမီးလ်ကျားသူပုန်အများအပြား သေဆုံးခဲ့ကြောင်း ၎င်းတို့က ပြောကြားသည်။

ဖန်လုံအိမ်ဓာတ်ငွေ့လျှော့ချရန် ကုလတိုက်တွန်း

ဖွံ့ဖြိုးပြီးနိုင်ငံများအနေဖြင့် ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ ထုတ်လွှတ်မှုလျှော့ချရေးနှင့်ပတ်သက်၍ အလေးထားဆောင်ရွက်ကြရန် ကုလသမဂ္ဂက တိုက်တွန်းလိုက်သည်။

နယူးယောက်မြို့ရှိ ကုလသမဂ္ဂအဆောက်အအုံ၌ ကျင်းပသည့် ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေးဆိုင်ရာ ညီလာခံသို့ ကမ္ဘာ့နိုင်ငံပေါင်း ၁၀၀ကျော်မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

■ အင်ဒိုနီးရှားနိုင်ငံ ဂျားဗားပြည်နယ် ကူဒပ်စ်မြို့၌ ဖေဖော်ဝါရီ ၁၅ရက် မွန်းလွဲပိုင်းက မြေပြိုမှုဖြစ်ပွားရာ ငါးဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိခဲ့သည့်အပြင် နေအိမ်များပျက်စီးခဲ့သည်။

❒ **ဗီယက်နမ်နိုင်ငံ သွားသိမ်ဟွေပြည်နယ် ဖုန်ဒန်ခရိုင်၌ ဖေဖော်ဝါရီ ၁၅ရက်က မော်တော်ယာဉ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မိခဲ့ရာ သုံးဦးပွဲချင်းပြီး သေဆုံးကာ ၁၄ဦးဒဏ်ရာရရှိခဲ့သည်။**

■ တရုတ်နိုင်ငံ ကျိကျင်းပြည်နယ်အရှေ့ပိုင်း ယီတင်းမြို့၌ ဖေဖော်ဝါရီ ၁၅ရက်က လေးထပ်ဟိုတယ်တစ်ခု မီးလောင်မှုဖြစ်ပွားရာ ၁၁ဦးသေဆုံးပြီး အများအပြားဒဏ်ရာရရှိခဲ့သည်။

❒ **ထရီနီဒက်နိုင်ငံ လာပက်ဇ်မြို့အရှေ့မြောက်ပိုင်းအရပ်၌ ဖေဖော်ဝါရီ ၁၄ရက်က မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ရေလွှမ်းမှုများဖြစ်ပေါ်ကာ ၁၂ဦးသေဆုံးခဲ့သည်။**

■ ဗီယက်နမ်နိုင်ငံ မြောက်ပိုင်းဒေသများ၌ ဖေဖော်ဝါရီ ၁၅ရက်က ဆီးနှင်းများ လွန်ကဲစွာကျဆင်းမှုကြောင့် အသက်အရွယ်ကြီးရင့်သူ ခုနစ်ဦးသေဆုံးခဲ့ရသလို ကျွဲကောင်ရေ ၁၀၀၀ကျော်နှင့် ကောက်ပဲသီးနှံစိုက်ခင်းများ ပျက်စီးခဲ့ရသည်။

❒ **တရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုန်ပြည်နယ် စန်ဆူရီခရိုင်၌ ဖေဖော်ဝါရီ ၁၅ရက်က ကုန်လှောင်ရုံတစ်ခု မီးလောင်မှုဖြစ်ပွားခဲ့ရာ ငါးဦးဒဏ်ရာရရှိခဲ့ပြီး ကုန်လှောင်ရုံပျက်စီးခဲ့သည်။** (အောက်ပုံ)

■ ဘူလ်ဂေးရီးယားနိုင်ငံ ဆိုဖီယာမြို့တောင်ဘက် မိုင် ၅၀ခန့်အကွာ ကျေးရွာတစ်ရွာ၌ ဖေဖော်ဝါရီ ၁၅ရက်က ခြေခြောက်ချောင်းပါရှိသော မြင်းထီးလေးတစ်ကောင် မွေးဖွားခဲ့သည်။

❒ **နိုင်ဂျီးရီးယားနိုင်ငံ လာဂို့စ်မြို့တွင် ဖေဖော်ဝါရီ၁၅ရက်က လူနေအဆောက်အအုံတစ်ခုပြိုကျခဲ့ရာ ၁၅ဦး သေဆုံးပြီး အများအပြားဒဏ်ရာရရှိခဲ့သည်။**

ဘဝဒဿနအမြင်

■ ***Too much humility is pride.***
အောက်ကျို့လွန်းခြင်းသည်ပင်လျှင် မာန်မာနရှိခြင်းပင်။

အီစွပ်ပုံပြင်

■ ***In high water the lotus blooms high.***
ရေမြင့်က ကြာတင့်၏။

ဂျေအာရ်အာရ်တိုကိန်း (အင်္ဂလိပ်စာရေးဆရာ)



ချဒ်သမ္မတနိုင်ငံ

သတင်းအက်ဆေး
တိုး-ရေးသားသည်

ချဒ်သမ္မတနိုင်ငံသည် အာဖရိကတိုက်မြောက်ပိုင်းအလယ်ဗဟို၌ တည်ရှိသည်။ သဲကန္တာရတစ်ပိုင်းဖြစ်နေသော နယ်ပယ်အများစုပိုင်ဆိုင်ထားသည့် ချဒ်သမ္မတနိုင်ငံသည် ရွှေနှင့်ယူရေနီယံကြွယ်ဝသည့် နိုင်ငံလည်းဖြစ်သည်။ ထို့ပြင် မကြာမီကစ၍ ရေနံတင်ပို့ရောင်းချသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။

ချဒ်သမ္မတနိုင်ငံသည် အာဖရိကတိုက်တွင် ပဉ္စမမြောက်အကြီးဆုံးနိုင်ငံလည်းဖြစ်သည်။ သို့ဖြစ်လင့်ကစား အခြေခံအဆောက်အအုံမပြည့်စုံမှု၊ ပြည်တွင်းပဋိပက္ခများ အတောမသတ်မှုတို့ကြောင့် ငြိမ်းချမ်းစွာ ဖွံ့ဖြိုးတိုးတက်သင့်သလောက် မတိုးတက်သည့်ပြင် ပြည်သူတို့၏ဘဝမှာ ဆင်းရဲကျပ်တည်းပြီး ကျန်းမာရေး၊ လူမှုရေးအဆင့်တို့မှာလည်း ဒေသတွင်းတွင် နိမ့်ဆင်းသည့် အခြေအနေ၌သာ ရှိနေသေးသည်။

ကိုလိုနီဘဝ ကျရောက်

ယခုချဒ်သမ္မတနိုင်ငံအတွင်းရှိ အိုအာဒိုင်း၊ ဘက်ဂွာမီနှင့် ကာနင်ဘော်နုဘုရင်နိုင်ငံများကို ဆူဒန်စွန့်စားရေးသမား ရာဘီအယ်ဇူဘေးက ၁၈၈၃ခုနှစ်တွင် တိုက်ခိုက်သိမ်းပိုက်သည်။ ၁၉၀၀ ပြည့်နှစ်တွင် အယ်ဇူဘေး၏ တပ်ကို ပြင်သစ်တို့က နှိမ်နင်းပြီး ၁၉၁၃ခုနှစ်တွင် အပြီးတိုင် နယ်မြေသိမ်းကာ ပြင်သစ်လက်အောက်ခံ ကိုလိုနီဘဝ ကျရောက်ခဲ့သည်။

၁၉၆၀ပြည့်နှစ်တွင် လွတ်လပ်ရေးရရှိသည်။ တောင်ပိုင်းသား ခရစ်ယာန်ဘာသာဝင် တွမ်ဘာဘာယေး သမ္မတဖြစ်လာ၏။ ၁၉၆၃ခုနှစ်တွင် နိုင်ငံရေးပါတီများတားမြစ်မှုကိုအကြောင်းပြု၍ အစိုးရကို ချဒ်အမျိုးသားလွတ်မြောက်ရေးတပ်ဦး(ဖရိုလီနက်) ဦးဆောင်ပြီး မွတ်စလင်မြောက်ပိုင်းသားတို့က အကြမ်းဖက်ဆန့်ကျင်သည်။ ၁၉၆၆ခုနှစ်တွင် မြောက်ပိုင်းသားတို့၏ ပုန်ကန်မှုမှာ ပြောက်ကျားစစ်အသွင် ဆောင်လာသည်။

ပြောက်ကျားစစ်ဆင်ရေး

၁၉၇၃ ခုနှစ်တွင် မြောက်ပိုင်းသားတို့၏ ပုန်ကန်မှုကို ပြင်သစ်တပ်များက ကူညီနှိမ်နင်းပေးသည်။ သို့သော်လစ်ဗျားနိုင်ငံ၏ လက်နက်ထောက်ပံ့မှုဖြင့် ပြောက်ကျားစစ်ဆင်ရေးများမှာ ၁၉၈၀ပြည့်လွန်နှစ်များတိုင် ဆက်လက်ဖြစ်ပွားသည်။

၁၉၇၅ခုနှစ်တွင် အခြားတောင်ပိုင်းသားခရစ်ယာန်ဘာသာဝင် ဖဲလစ်မာလွန်း ဦးဆောင်အာဏာသိမ်းကာ သမ္မတတွမ်ဘာဘာယေးအား ဖယ်ရှားသုတ်သင်လိုက်သည်။ ၁၉၇၇ခုနှစ်တွင် လစ်ဗျားနိုင်ငံက ချဒ်မြောက်ပိုင်း အူဇိုးကမ်းမြောင်ကို သိမ်းလိုက်သည်။ ၁၉၇၉ခုနှစ်တွင် မွတ်စလင်မြောက်ပိုင်းသား အူဒေးဦးဆောင်သည့် ညွန့်ပေါင်းအစိုးရက သမ္မတမာလွန်းအား တိုင်းပြည်မှ နှင်ထုတ်လိုက်သည်။

အသိအမှတ်ပြု

၁၉၈၀ပြည့်နှစ်တွင် ဝန်ကြီးချုပ်ဟောင်း ဟာဘရီဦးဆောင်သည့် မြောက်ပိုင်းတပ်ကို တိုက်ခိုက်ရာ၌ အူဒေးအားကူညီတိုက်ပေးရန် လစ်ဗျားနိုင်ငံက တပ်များအကူလွှတ်သည်။ ၁၉၈၁ခုနှစ်တွင် အူဒေး၏ မေတ္တာရပ်ခံချက်ဖြင့် လစ်ဗျားတပ်ရုပ်သိမ်းသွားသည်။ ၁၉၈၂ခုနှစ်တွင် ဟာဘရီ၏တပ်များက မြို့တော် အင်ဂျာမီနာကို သိမ်းပိုက်သည်။ ၁၉၈၃ခုနှစ်တွင် ဟာဘရီအစိုးရကို အာဖရိကညီညွတ်ရေးအဖွဲ့ (အိုအေယူ)က အသိအမှတ်ပြုသည်။ သို့သော် အူဒေး၏တပ်များသည် လစ်ဗျားအကူအညီရယူကာ ဆက်လက်ခုခံနေသည်။

၁၉၉၀ပြည့်နှစ်တွင် ဟာဘရီ၏ မဟာမိတ်ဟောင်း အိုင်းဒရစ်ဒက်ဘီဦးဆောင်သည့် မျိုးချစ်ကယ်တင်ရေးလှုပ်ရှားမှုအဖွဲ့သူပုန်များက ဟာဘရီအစိုးရတပ်များကို အောင်နိုင်ပြီးနောက် ဟာဘရီကိုရာထူးမှဖယ်ရှားလိုက်သည်။ မျိုးချစ်ကယ်တင်ရေး လှုပ်ရှားမှုအဖွဲ့သည် ဆူဒန်နိုင်ငံ၌ အခြေချပြီး လစ်ဗျားနိုင်ငံ၏ ထောက်ခံမှုရရှိသည့်အဖွဲ့ ဖြစ်သည်။ ၁၉၉၃ခုနှစ်တွင် အမျိုးသားဒီမိုကရေစီညီလာခံက ဒက်ဘီကို ယာယီသမ္မတအဖြစ် တာဝန်ပေးပြီး ကြားဖြတ်အစိုးရဖွဲ့စည်းသည်။ တစ်နှစ်အတွင်း ရွေးကောက်ပွဲကျင်းပပေးရန် တိုက်တွန်းလိုက်သည်။

၁၉၉၆ခုနှစ်တွင် ချဒ်နိုင်ငံ၏ ပထမဆုံးပါတီစုံသမ္မတရွေးကောက်ပွဲတွင် ဒက်ဘီသည် သမ္မတအဖြစ် ရွေးချယ်ခံရသူဖြစ်သည်။ နောက်တစ်နှစ် အထွေထွေရွေးကောက်ပွဲ၌လည်း ဒက်ဘီ၏ မျိုးချစ်ကယ်တင်ရေးလှုပ်ရှားမှုအဖွဲ့ကပင် အနိုင်ရသည်။ ၂၀၀၁ခုနှစ်တွင်လည်း ဒက်ဘီပင် ဒုတိယအကြိမ် သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသည်။ ၂၀၀၅ခုနှစ်တွင် ဒက်ဘီအား တတိယအကြိမ်သမ္မတသက်တမ်း ဆက်လက်တာဝန်ယူနိုင်ရေးခွင့်ပြုသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြုပြင်ရေးကို မဲဆန္ဒရှင်များက ထောက်ခံသည်။ ၂၀၀၆ခုနှစ် မေလ သမ္မတရွေးကောက်ပွဲတွင် ထောက်ခံမဲ ၇၇ဒသမ၅ရာခိုင်နှုန်းဖြင့် တတိယသမ္မတသက်တမ်းအတွက် အိုင်းဒရစ်ဒက်ဘီအနိုင်ရပြန်သည်။ အဓိကအတိုက်အခံပါတီများက ရွေးကောက်ပွဲရလဒ်ကို ကန့်ကွက်ကြသည်။ ရွေးကောက်ပွဲကိုလည်းသပိတ်မှောက်ကြသည်။

၂၀၀၆ခုနှစ် ပထမခြောက်လအတွင်းတွင် ဆူဒန်နိုင်ငံဒါဖာဒေသ အာရပ်ဂျန်ဂျာဝီပြည်သူ့စစ်များ၏ ပယောဂကြောင့် ထောင်ပေါင်းများစွာသော ဆူဒန်ဒုက္ခသည်များ ချဒ်နိုင်ငံအရှေ့ပိုင်းသို့ စုပြုံရောက်ရှိလာသည်။ ထိုနှစ် နိုဝင်ဘာတွင် လူမျိုးရေးအကြမ်းဖက်မှုဖြစ်ပွားပြီးနောက် အရှေ့ပိုင်းဒေသကို အရေးပေါ်အခြေအနေ ကြေညာသည်။

၂၀၀၇ခုနှစ် မေလတွင် နယ်စပ်ဖြတ်ကျော်သည့် ဒုက္ခသည်များအရေးကို ကိုင်တွယ်ရန် ဆူဒန်နှင့် သဘောတူညီမှုရသည်။ ၂၀၀၇ခုနှစ် ဩဂုတ်လတွင် ပါလီမန်ရွေးကောက်ပွဲကို ၂၀၀၉ခုနှစ်အထိ နှစ်နှစ်ရွှေ့ဆိုင်းထားရန် အစိုးရနှင့် အတိုက်အခံတို့ သဘောတူသည်။

အရေးပေါ်

၂၀၀၇ခုနှစ် အောက်တိုဘာလတွင် အရှေ့ဘက်နယ်စပ်တစ်လျှောက်နှင့် မြောက်ပိုင်းတို့တွင် အရေးပေါ်အခြေအနေကြေညာသည်။ အရပ်သားများနှင့် ဒါဖာဒုက္ခသည်များအား အကာအကွယ်ပေးရန်နှင့် ထောက်ပံ့ရေးလုပ်ငန်းများ လုံခြုံမှုပေးရန် ကုလသမဂ္ဂ၏ ခွင့်ပြုချက်ဖြင့် ဥရောပသမဂ္ဂ(အီးယူ) ငြိမ်းချမ်းရေးတပ်ဖွဲ့များ ချဒ်သမ္မတနိုင်ငံသို့ ယခုလရောက်ရှိမည်ဖြစ်သည်။ သူပုန်တို့၏ တိုက်ခိုက်မှုကြောင့် အင်အား ၄၀၀၀ ရှိ တပ်ဖွဲ့ဖြန့်ကြက်ရေးမှာ နှောင့်နှေးခဲ့ရသည်။

သူပုန်တို့၏ ထိုးစစ်မှာ ဖေဖော်ဝါရီ ၂ရက်က စတင်သည်။ မြို့တော် အင်ဂျာမီနာရပ်ကွက်အများစုကို သိမ်းပိုက်သည်မှာ သမ္မတဒက်ဘီ၏ သမ္မတအိမ်အနီးသို့တိုင်ရောက်ရှိခဲ့သည်။ တိုက်ပွဲတွင် သေဆုံးသူ၁၆၀ကျော်ပြီး ၁၀၀၀ ခန့်ဒဏ်ရာရသည်။ အာဏာသိမ်းရန် ကြံစည်မှုနောက်ကွယ်တွင် ဆူဒန်နိုင်ငံပါဝင်သည်ဟု သမ္မတဒက်ဘီက စွပ်စွဲပြောကြားသည်။

ကြေညာ

သူပုန်တို့ကို တိုက်ထုတ်ရာတွင် ပြင်သစ်က ဒက်ဘီအစိုးရအား လက်နက်များ ကူညီခဲ့သည်။ ယင်းမှာ နှစ်နိုင်ငံ စစ်ရေးပူးပေါင်းဆောင်ရွက်မှု စာချုပ်အရသာဖြစ်သည်ဟုကြေညာသည်။ လောလောဆယ်တွင် နေဝင်မီးငြိမ်း အပါအဝင် တစ်နိုင်ငံလုံး အရေးပေါ်အခြေအနေကို ချဒ်သမ္မတအိုင်းဒရစ်ဒက်ဘီက ကြေညာထားသည်။ ။

(ကိုးကား-အင်တာနက်)

မြန်မာ့ရုပ်မြင်သံကြား

၁၇-၂-၂၀၀၈ရက် (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇း၅၀	၅။	ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
၈း၀၀	၆။	အတီးပြိုင်ပွဲ
၈း၁၀	၇။	ရင်းငြိမ်ရေထိန်းတံခါး
၈း၂၀	၈။	အဆိုပြိုင်ပွဲ
၈း၃၀	၉။	International News
၈း၄၅	၁၀။	Say it in English

နေ့လယ်ပိုင်း

၁၁း၀၀	၁။	စစ်သည်တေး
၁၁း၁၀	၂။	တေးဂီတအစီအစဉ်
၁၁း၂၅	၃။	တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၄၀	၄။	ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
၁၂း၀၅	၅။	**ရသစုံလင်ပြုံးပျော်ရွှင် မြန်မာ့ရုပ်မြင်အစီအစဉ်** (ခန့်စည်သူ၊ထူးသာ၊ပုလဲဝင်း၊ နန်းဆုရတီစိုး၊ရတနာ၊ဖြိုးဖြိုး၊ လုလု၊ ဆင်မ၊ ပွင့်၊ ကောင်းစံ၊ ရှက်တယ်၊ နေဦးလွင်၊ ရိတ)
၁၃း၄၅	၆။	တေးဂီတအစီအစဉ်
၁၄း၀၀	၇။	အတီးပြိုင်ပွဲ
၁၄း၁၅	၈။	**ရေမြင့် ကြာတင့်** ခန့်စည်သူ၊ ဇော၊ ငှက်ပျောကြော်၊ ထင်ပေါ်၊ မိုးပြည့်ပြည့်မောင်၊ တက္ကသိုလ်ဂွမ်းပုံ၊ မျိုးမျိုးခိုင် (ဒါရိုက်တာ-ဖုန်းမြင့်အောင်)
၁၄း၃၀	၉။	ရှမ်းပြည်နယ်(အရှေ့ပိုင်း) နမ့်မွေတံတား
၁၄း၄၅	၁၀။	International News
၁၅း၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၁၆း၄၅	၄။	၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲဘာသာရပ်သင်ခန်းစာ (အင်္ဂလိပ်စာဘာသာရပ်)
၁၇း၀၅	၅။	ဆိုကြမယ် ပျော်ကြမယ်
၁၈း၀၀	၆။	ညနေခင်းသတင်း
၁၈း၂၀	၇။	မိုးလေဝသအခြေအနေ
၁၈း၂၅	၈။	**အား နာတယ်** ခန့်စည်သူ၊ မိုးပြည့်ပြည့်မောင်၊ ဇော၊ မျိုးမျိုးခိုင် (ဒါရိုက်တာ-ဖုန်းမြင့်အောင်)
၁၈း၅၀	၉။	လူငယ်များဆင်နွှဲ ဖုန်ရင်ရေခဲတောင်အောင်ပွဲ
၁၉း၀၅	၁၀။	နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူ့အားမာန်** (အပိုင်း-၁၄)
၂၀း၀၀	၁၁။	ပြည်တွင်းသတင်း
	၁၂။	နိုင်ငံတကာသတင်းများ
	၁၃။	မိုးလေဝသအခြေအနေ
	၁၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **မာယာထောင်ချောက်** (အပိုင်း-၂)
	၁၅။	နောက်တစ်နေ့အစီအစဉ်
	၁၆။	အစီအစဉ်ပြီး၏။

သုံးဆယ်မြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

သုံးဆယ်မြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၄ ရက်(တနင်္ဂနွေနေ့) နံနက်၁၀နာရီတွင် မစိုးရိမ်ပရိယတ္တိစာသင်တိုက်(မြေနီကုန်း) စမ်းချောင်းမြို့နယ်ဓမ္မာရုံတွင် ကျင်းပမည်ဖြစ်ရာ အသင်းဝင်များ၊ မဝင်ရသေးသော သုံးဆယ်သူ သုံးဆယ်သားများ၊ ၂၀၀၆-၂၀၀၇ ခု ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသော သုံးဆယ်မြို့နှင့် ရန်ကုန်ရောက် သုံးဆယ်သူ သုံးဆယ်သားများ၏ သားသမီး ကျောင်းသူကျောင်းသားများ၊ ၂၀၀၆-၂၀၀၇ခုနှစ် နိုင်ငံတော်မှ ချီးမြှင့်သည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်ရ လူပုဂ္ဂိုလ်များ တက်ရောက်ကြပါရန် ဖိတ်ကြားနှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

မာန်အောင်မြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ၂၆ရက်က ကျင်းပရာ ၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်တန်း ခြောက်ဘာသာဂုဏ်ထူးရှင် မောင်ဖြိုးသန်းအား အသင်းဒုတိယဥက္ကဋ္ဌ ဦးစိုးတင်က ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (က-ပ)

ရှေ့ဖုံးမှ

ဆက်လက်၍ အလုပ်အမှုဆောင် ဟောင်းများ နုတ်ထွက်ခြင်းနှင့် အလုပ်အမှုဆောင်အသစ်များ ရွေးချယ်ခြင်း၊ အတည်ပြုခြင်းများကို အစီအစဉ်အတိုင်း ကျင်းပပြီး အသင်းဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက မိတ်ဆက်စကား ပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဒသမအကြိမ် နှစ်ပတ်လည် အစည်းအဝေးကို ဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းသို့ အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ဒေါက်တာခင်ရွှေ(ဇေကမ္ဘာကုမ္ပဏီ) နှင့် ဦးဇော်ဝင်း(အရှဏ်ဦးကုမ္ပဏီ) တို့က ငွေကျပ် ၁၀သိန်းစီ အပါအဝင် အလှူရှင်များက အလှူငွေ စုစုပေါင်းငွေကျပ် ၁၇၄ သိန်းကို ပေးအပ်လှူဒါန်းကြသည်။

အဆိုပါမြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းကို ၁၉၉၆ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး အသင်း၏ရှေ့လုပ်ငန်းစဉ်များအဖြစ် နိုင်ငံတော်၏ စက်မှုလယ်ယာဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်ဖြင့် ပါဝင်ဆောင်ရွက်ရန်၊ အဆောက်အအုံ အရည်အသွေးမြင့်တက်လာစေရန်နှင့် ပြည်သူလူထုများ ယုံကြည်မှုအပြည့် အဝဆက်လက်ရရှိစေရန်၊ စက်မှုဇုန်များတွင် သွင်းကုန်အစားထိုးစက်ရုံများတည်ဆောက်ရန်၊ ပြည်ပပို့ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရန်အတွက် စက်ရုံသစ်များ တည်ဆောက်နိုင်ရန်၊ ပြည်တွင်းပြည်ပအသင်းများအချင်းချင်း ပိုမိုရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်နိုင်ရန်၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ဘာသာရေး၊ သာသနာတော်ထွန်းကားပြန့်ပွားရေးတို့တွင် နိုင်ငံတော်နှင့်အတူ အစဉ်တစိုက် ပူးပေါင်းဆောင်ရွက်ရန်၊ အသင်းသားများ၏ အခက်အခဲများအပေါ် အဖြေရှာညှိနှိုင်းဆောင်ရွက်ပေးရန် စသည်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

သာစုကန်စေတီ ဗုဒ္ဓပူဇနိယပွဲတော် ဆွမ်းဆန်စိမ်းလောင်းလှူမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

နှစ်စဉ်ကျင်းပလျက်ရှိသော သမိုင်းဝင် သာစုကန်စေတီဗုဒ္ဓပူဇနိယပွဲတော်ကို ၁၃၆၉ခုနှစ် တပို့တွဲလဆန်း ၁၃ရက်မှ တပို့တွဲလပြည့်ကျော် ၆ရက် အထိ (ဖေဖော်ဝါရီ ၁၉ရက်မှ ၂၇ရက် အထိ) ကိုးရက်တိုင်တိုင် ပျော်ပွဲရွှင်ပွဲ၊ ဇာတ်သဘင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

တပို့တွဲလပြည့်(ကြာသပတေးနေ့) ဖေဖော်ဝါရီ ၂၁ရက် ညနေ ၃နာရီတွင် သံဃာအပါး ၅၀ တို့အား ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်မည်ဖြစ်ရာ သာစုကန် ဂေါပကအဖွဲ့သို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၆၁၁၄၃၀ သို့ ဖြစ်စေ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

Sharlu အမှတ်တံဆိပ်အင်ဂျင်ဝိုင် အရောင်းကိုယ်စားလှယ်အားဂုဏ်ပြု

ရန်ကုန် ဖေဖော်ဝါရီ ၁၆

U.A.E နိုင်ငံမှ ထုတ်လုပ်သည့် Sharlu အမှတ်တံဆိပ်အင်ဂျင်ဝိုင်များကို တင်သွင်းဖြန့်ချိလျက်ရှိသော Top Prime Trading Co.,Ltd. ၏ အရောင်း ကိုယ်စားလှယ်များအား ဂုဏ်ပြုပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၀ရက် ညနေ ၆နာရီခွဲက ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ စင်ထရယ် ဟိုတယ်၌ကျင်းပရာ အစီအစဉ်အရ Top Prime Trading Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဒေါက်တာမျိုးထွန်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး Sharlu အင်ဂျင်ဝိုင်၏ အရည်အသွေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မန်နေဂျင်းဒါရိုက်တာ ဒေါက်တာမျိုးထွန်းနှင့် ဧည့်သည်တော်များက ၂၀၀၇ခုနှစ်အတွင်း Sharlu အင်ဂျင်ဝိုင်အများဆုံး ရောင်းချနိုင်ခဲ့သော ရောင်းအား အကောင်းဆုံး အရောင်း ကိုယ်စားလှယ်များအား ဂုဏ်ပြု လက်ဆောင်များကို ပေးအပ်ကြသည်။ **(အောက်ဝဲပုံ)**

လက်လီလက်ကားရောင်းချ

Sharlu အင်ဂျင်ဝိုင်ကို U.A.E နိုင်ငံ Sharjah National Lube Oil Company Limited က နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ ထုတ်လုပ်ထားသည်။ ကုမ္ပဏီအနေဖြင့် ဓာတ်ဆီသုံး အင်ဂျင်၊ ဒီဇယ်သုံးအင်ဂျင်နှင့် သဘာဝဓာတ်ငွေ့သုံး အင်ဂျင်များအတွက် သာမက သီးခြားအင်ဂျင်များအတွက် အင်ဂျင်ဝိုင်များကို မြန်မာနိုင်ငံသို့ ၂၀၀၄ ခုနှစ်တွင် စတင်တင်သွင်းဖြန့်ချိခဲ့ရာ Auto Mobile အမျိုးမျိုးတွင် သုံးစွဲကြသည့်အခါ အင်ဂျင်သက်တမ်းကို ကြာရှည်စွာ အသုံးခံနိုင်သော အရည်အသွေးကောင်း အင်ဂျင်ဝိုင်ဖြစ်ကြောင်းကို သုံးစွဲသူများ သိရှိသဘောကျနှစ်သက်လာကြသည်။ ၂၀၀၇ ခုနှစ်တွင် Sharlu အင်ဂျင်ဝိုင်ဈေးကွက် ပိုမိုကျယ်ပြန့်လာကာ ဝယ်လိုအားများပြားလာသည့်အတွက် Top Prime Trading Co.,Ltd. က ဗိုလ်တထောင်မြို့နယ် ဗိုလ်အောင်ကျော်လမ်း MGW Tower အခန်းအမှတ် ၃၀၁၊ ဖုန်း-၂၅၆၅၃၆၊ ၄၄၁၂၆၃၇၊ ၀၉-၈၀၃၁၂၇၉ နှင့် ဘုရင့်နောင်ဈေးရှိ ကုမ္ပဏီအရောင်းပြခန်းတို့၌ လက်လီလက်ကား ဖြန့်ချိရောင်းချပေးလျက်ရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုနေ့အခမ်းအနား လှိုင်သာယာ၌ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

လှိုင်သာယာမြို့နယ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ဖေဖော်ဝါရီ၁၂ရက်က အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်းအားကစားကွင်း၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော (၆၁)နှစ်မြောက်ပြည်ထောင်စုနေ့သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်သိန်းမောင် ဖတ်ကြားသည်။ **(ဝ၉၇)**

မြန်မာ့အလင်း အင်တာနက်ဖောင်ပိတ်

ပါကစ္စတန်ပြည်သူ့ပါတီရုံးအနီး ဗုံးပေါက်ကွဲမှုဖြစ် ၃၇ ဦးသေဆုံး၊ ၉၃ ဦးဒဏ်ရာရရှိ

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ပါကစ္စတန်ပြည်သူ့ပါတီ (ပီပီပီ)၏ရုံးအနီးတွင် ဖေဖော်ဝါရီ ၁၆ ရက်က အင်အားပြင်းထန်သော ဗုံးပေါက်ကွဲမှု ဖြစ်ပွားရာ ၃၇ ဦး သေဆုံးပြီး ၉၃ဦး ဒဏ်ရာရရှိသွားကြောင်း ပါကစ္စတန်ရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါဗုံးပေါက်ကွဲမှုမှာ ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ကူရမ်ခရိုင် ပါရာချီနာမြို့ရှိ ပြည်သူ့ပါတီ (ပီပီပီ)ရုံးအနီး၌ ကားဗုံးခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ သေဆုံးသူဦးရေ ထပ်မံတိုးလာဖွယ်ရှိကြောင်း ပါကစ္စတန်ရဲတပ်ဖွဲ့က ပြောကြားသည်။

အက်ဖ်အေမှာ ရှုံးချက်နာခဲ့ရသည့်လီဗာပူး

လန်ဒန် ဖေဖော်ဝါရီ ၁၆

အက်ဖ်အေပဋ္ဌမအဆင့် ဘောလုံးပွဲစဉ်များကို ဖေဖော်ဝါရီ ၁၆ရက်က ဆက်လက်ယှဉ်ပြိုင်ရာ လီဗာပူးတို့အိမ်ကွင်း အန်ဖီးလ်တွင် ဒုတိယတန်း ကလပ် ဘန်စလေကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးခဲ့ရာ ဘင်နီတက်ဇ် မျက်နှာပျက်စရာ ဖြစ်ခဲ့ရသည်။

ရှုံးခဲ့ရ

လီဗာပူးတို့ အကြိမ်ပေါင်း ၂၀ခန့် အပိုင်ကန်သွင်းခွင့်ရရှိခဲ့သော်လည်း ၃၂မိနစ်၌ ဒရက်ကွတ်က အဖွင့်ဂိုး သွင်းယူနိုင်ခဲ့သည်မှလွဲပြီး ဆက်လက်ဂိုးမသွင်းနိုင်ဘဲ ဘန်စလေတို့က ၅၇ မိနစ်၌ ဖော်စတာက ချေပဂိုးပြန်သွင်းယူပြီး ဟိုဝပ်ဒ်က မိနစ် ၉၀တွင် အနိုင်ဂိုးသွင်းယူခဲ့သဖြင့် လီဗာပူးတို့ နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

အနိုင်ရရှိ

ချယ်လ်ဆီးနှင့်ဟက်ဒါဖီးလ်တို့ပွဲတွင် ချယ်လ်ဆီးက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ချယ်လ်ဆီးအတွက် အနိုင်ဂိုးများကို ၁၈မိနစ်နှင့် မိနစ်၆၀တို့၌ လမ်းပတ်က နှစ်ဂိုးဆက်တိုက်သွင်းယူပြီး မိနစ်၇၀၌ ကာလူးက တတိယဂိုးသွင်းယူခဲ့သည်။ ဟက်ဒါဖီးလ်အတွက် မိုက်ကယ်ကိုလင်းစ်က ၄၅မိနစ်၌ ချေပဂိုးသွင်းယူပေးခဲ့သဖြင့် ချယ်လ်ဆီးတို့ သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အခြားပွဲရလဒ်များ

ဘရစ္စတိုးလ်ရီဗာ	၁-၀	ဆောက်သမ်ပတန်
ကာဒစ်ဖ်	၂-၀	ဝုဖ်
ကိုဗင်ထရီ	၀-၅	ဝက်စ်ဟမ်း

ဆွမ်းဆန်စိမ်း လောင်းလှူပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်ရှိ လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ သတ္တမအကြိမ် ဗုဒ္ဓပူဇနိယပွဲတော်တွင် နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင်ဆရာတော်ကြီးများ၊ တိုင်းသံဃနာယက အဖွဲ့ဝင်ဆရာတော်ကြီးများအပါအဝင် ပင့်သံဃာ အရှင်သူမြတ် ၄၅ ပါးတို့အား ဖေဖော်ဝါရီ ၂၁ရက် နံနက်တွင် ဆွမ်းဆန်စိမ်း လောင်းလှူပွဲ ကျင်းပမည်ဖြစ်သည်။ ကုသိုလ်ရှင်များသည် လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဖုန်း-၆၄၄၈၅၇ နှင့် ရုံးအဖွဲ့ ဖုန်း-၆၄၄၈၅၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ **(က-ပ)**

ကျောဖုံးမှ

ဥပမာ-စိတ်ကျရောဂါခံစားနေရသူ ဝေဒနာရှင်များအား ကျေးငှက်တို့၏အသံတုများကို ဟာသဖြစ်အောင် အမူအရာနှင့်တကွပြုလုပ်ပြခြင်း၊ တစ်နေ့လျှင် ၁၀ကြိမ်မျှ စိတ်ပိုင်းဆိုင်ရာ ဟာသပြောခြင်းများကို နေ့စဉ်သီတင်းနှစ်ပတ်ခန့်အချိန်မျှ ကုသပေးလျှင် ရောဂါ၁၅ရာခိုင်နှုန်း လျော့ပါးသက်သာစေသည်ဟု ဆိုသည်။

အကူအညီဝန်ထမ်းလိုအပ်

ဟာသဖြင့်ကုသမှုတွင် ကျွမ်းကျင်သော ဆရာဝန်တစ်ဦးနှင့် ဟာသပြောဆိုနိုင်သည့် အကူအညီဝန်ထမ်းများလည်း လိုအပ်သည်။ ဟာသဖြင့်ကုသရာတွင် အကူဝန်ထမ်းများက လူနာ၏ ခန္ဓာကိုယ်ဖွဲ့စည်းမှု၊ ရောဂါအခြေအနေပေါ်မူတည်ပြီး သင့်လျော်သောဟာသကို လူနာနှင့်တွေ့သည့်အချိန်မှာပင် လူနာစိတ်ကို ပေါ့ပါးသွားစေနိုင်သည့်ဟာသကို ပြောဆိုကုသခြင်းဖြစ်သည်။

ဟာသဖြင့် ကုသရာတွင် အကူအညီကိရိယာအသုံးပြုပြီး ကုသခြင်းလည်းပါဝင်သည်။ လျှပ်စစ်ကလိထိုးကိရိယာကဲ့သို့သော ဝေဒနာရှင်အား ရယ်မောစေနိုင်သည့် အကူကိရိယာများသည်လည်း ဝေဒနာရှင်၏ရောဂါအလိုက် ကုသမှုပေးနိုင်သည်။

ခြောက်လအတွင်း

အကူကိရိယာဖြင့် ကုသမှုပေးနိုင်သည့် ဝေဒနာမှာ လေဖြတ်ခြင်းကဲ့သို့သော ရောဂါများဖြစ်ပြီး တစ်နေ့လျှင် အနည်းဆုံးငါးကြိမ်ခန့် လူနာအား ဟက်ဟက်ပက်ပက်ရယ်မောခြင်းဖြစ်အောင် ပြုလုပ်ပေးခြင်းဖြင့် ခြောက်လအတွင်း သိသိသာသာရောဂါဝေဒနာသက်သာလာစေကြောင်း ဒေါက်တာဂီလ်ဘတ်က ပြောကြားသည်။

လုပ်အားတိုးတက်မှု

ယခုအခါ စက်ရုံ၊ အလုပ်ရုံများရှိ အလုပ်ပင်ပန်း၊ စိတ်ပင်ပန်းဖြစ်နေသည့် အလုပ်သမားများအတွက် ဟာသဖြစ်စေနိုင်သည့် ဗီဒီယိုခွေများ၊ ဟာသကုထုံးကျွမ်းကျင်သူများ စေလွှတ်ပေးခြင်းသည် လုပ်ငန်းခွင် ကျန်းမာရေးတိုးတက်မှုဖြစ်စေသည့်အပြင် လုပ်အားတိုးတက်မှုကိုလည်း ရရှိစေကြောင်း သုတေသနပညာရှင်များက အကြံပြုထားသည်။ ။

လပွတ္တာ ရှင်စောမြတ်စေတီတော် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ဧရာဝတီတိုင်း မြောင်းမြခရိုင် လပွတ္တာမြို့နယ် လပွတ္တာလုပ်တောင်ကျေးရွာအုပ်စု ဘုရားကြီးကုန်းကျေးရွာတွင် တည်ထားကိုးကွယ်သည့် ဖူးမဝထူးခြားသည့် ရှင်စောမြတ်စေတီတော်ကြီး **(အပေါ်ပုံ)**၏ နှစ်စဉ် ကျင်းပမြဲဖြစ်သော ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲနှင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဒါယကာ ဒါယိကာမအလှူရှင်များ ထည့်ဝင်လှူဒါန်းတည်ဆောက်ထားသည့် လောင်းဝေသန်မင်္ဂလာဓမ္မဗိမာန်တော်ကြီးဖွင့်ပွဲ မင်္ဂလာကန်တော် ဝေဿန္တရာတိုက် ကျောင်းတော်နှင့် သာသနိက အဆောက်အအုံများအား ရေစက်ချအလှူမင်္ဂလာပွဲကို (၁၃၆၉ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက်မှ ၁၁ ရက်အထိ) ဖေဖော်ဝါရီ ၂၃ ရက်မှ မတ် ၃ ရက်အထိ ၁၀ ရက်တိုင်တိုင် အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ရာ ရပ်နီးရပ်ဝေးရှိ အလှူရှင်အပေါင်းတို့နှင့်တကွ ဗုဒ္ဓဘာသာဝင်အားလုံး သာဓုအနုမောဒနာ ခေါ်ဆိုကြွရောက်ကြည်ညိုကြပါရန် ဖိတ်ကြားနှိုးဆော်ထားသည်။

ဆက်သွယ်စုံစမ်းနိုင်

အဆိုပါပွဲတော်ကြီးတွင် ဖေဖော်ဝါရီ ၂၃ ရက် မွန်းတည့် ၁၂ နာရီ၌ လောင်းဝေသန်မင်္ဂလာဓမ္မဗိမာန်တော်ကြီးအား ဖဲကြိုးဖြတ်ဖွင့်လှစ်၍ နဖူးစည်းစာတန်းအား စက်ခလုတ်နှိပ်ဖွင့်လှစ်ခြင်း၊ မွန်းလွဲ ၁၂နာရီခွဲတွင် ဟသ်ာရုပ်စုံမီးပုံးပျံများလွှတ်တင်ခြင်း၊ မွန်းလွဲ၂နာရီတွင် ဆရာတော်များထံမှငါးပါးသီလခံယူခြင်းနှင့် ရေစက်ချအနုမောဒနာ တရားနာယူခြင်း၊ ဖေဖော်ဝါရီ ၂၄ ရက်တွင် တောင်ကြီးမြို့ စိန်နားပန် မီးပုံးပျံ-မီးရောင်စုံမီးရှူးမီးပန်းများလွှတ်တင်ခြင်း၊ ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပြီး ဓာတ်ပွဲကပြလိုသူများ လပွတ္တာမြို့ ဖုန်း-၀၄၂-၈၀၄၃၄ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

အထက ကျောက်တံတား အာစရိယပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

အထက ကျောက်တံတား ကျောင်းသားကျောင်းသူဟောင်းများ၏ (၁၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲအခမ်းအနားကို မတ်၂ရက်(တောင်သူလယ်သမားနေ့) နံနက် ၉နာရီတွင် အထက ကျောက်တံတားကျောင်း ခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ကျောင်းသား ကျောင်းသူဟောင်းများအနေဖြင့် ကိုအောင်လင်း(၁၉၈၄)ဖုန်း-၀၁-၅၄၆၁၆၅၊ ကိုသူရိန်ထွန်း ဖုန်း-၀၉-၉၉-၂၀၅၉၄၊ ကိုညိုမင်းလွင် ဖုန်း-၀၁-၂၄၆၈၃၅၊ မပိုးပိုးအောင်၊ ကိုကြီးစိုးအောင် ဖုန်း-၀၁-၇၂၇၈၇၂၊ ကိုဇင်မိုးအောင် ဖုန်း-၀၉-၅၀-၃၆၃၇၉၊ ကိုရဲထွဋ် ဖုန်း-၀၉-၅၁-၈၁၅၉၀၊ ကိုဂျိုးဂျိုး ဖုန်း-၀၉-၉၉-၂၂၇၇၄၊ မပွင့်ရည်ကျော် ဖုန်း-၀၉-၅၁-၈၃၅၇၃၊ကိုဉာဏ်ထူးသာ ဖုန်း-၀၁-၃၈၆၄၃၆ နှင့် ကိုနေလင်းဦး ဖုန်း-၀၉-၅၁-၇၉၀၆၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

အရှင်ကောသလ္လ (ဓမ္မစေတီဆရာတော်)တရားပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ရန်ကုန်တိုင်း ဒဂုံမြို့သစ်မြောက်ပိုင်း ဓမ္မစေတီပရိယတ္တိစာသင်တိုက်၏ ဦးစီးပဓာနနာယက ဓမ္မစေတီဆရာတော် ဘဒ္ဒန္တကောသလ္လ (သာသနတက္ကသိုလ မဟာဓမ္မာစရိယ) M.A (Buddhism) သည် ၁၃၆၉ခု တပို့တွဲလဆန်း ၁၂ရက်၊ ဖေဖော်ဝါရီ ၁၈ရက် (တနင်္လာနေ့)တွင် အလှူရှင် (ဦးအောင်သန်း)-ဒေါ်စိမ်း၊ မာစေပရဆေး မိသားစု၊ ဒရပ်ကွက် အဖျောက်မြို့၏ ရဟန်းခံရှင်ပြုအကြို ဓမ္မပူဇာ တရားပွဲကို မဟာသံတန်ဆောင်းတော်ကြီးတွင် ည ၇ နာရီမှ စတင်၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။ **(က-ပ)**

တွံတေးမြို့နယ်အသင်း သက်ကြီးပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

တွံတေးမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့်ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ၂၄ရက် နံနက် ၈နာရီတွင် ရွှေတိဂုံဘုရားတောင်ဘက်မုခ် မွန်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

သက်ကြီးပူဇော်ပွဲအတွက် (၇၅)နှစ်အထက် အသင်းသားများ၏မိဘများနှင့် ပညာရည်ချွန်ဆုပေးပွဲအတွက် အသင်းသားများ၏ သားသမီးများမှ (၂၀၀၆-၂၀၀၇)ခုနှစ်များတွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ဂုဏ်ထူးဖြင့်အောင်မြင်သူများ၊ နိုင်ငံတော်အဆင့်စာပေ၊ အားကစား၊ ဂီတ၊သဘင်တို့တွင် ပထမ၊ ဒုတိယ၊ တတိယရသူများ တက်ရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

နွေရာသီပညာဒါန သင်တန်းများ ဖွင့်လှစ်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် ဆ/ခရပ်ကွက် လေးထောင့်ကန်လမ်းမကြီး ဘဝမြင့်မှတ်တိုင်အနီးရှိ ရတနာသိဒ္ဓိ ပရိယတ္တိစာသင်တိုက်၌ ပဓာန ဆရာတော်ဘဒ္ဒန္တရေဝတ ဦးစီးပြီး နွေရာသီ ပညာဒါနအဖြစ် အင်္ဂလိပ်နှင့် ဂျပန်ဘာသာ (ရေး၊ ဖတ်၊ ပြော) အထူးသင်တန်းများကို ကျွမ်းကျင်သော ဝါရင့်ပညာရှင်ကြီးများ ကိုယ်တိုင် စနစ်တကျဖြင့် မတ် ၈ရက်မှစ၍ ဖွင့်လှစ်သင်ကြားသွားမည် ဖြစ်သည်။ ဆဋ္ဌမတန်းမှစ၍ ဘွဲ့ရ၊ ဘွဲ့ကြို၊ ဘွဲ့လွန်များထိ တက်ရောက် သင်ကြားနိုင်ပြီး သင်တန်းကာလမှာ သုံးလဖြစ်ကြောင်း သိရသည်။

အသေးစိတ် သိလိုသည်များကို ရတနာသိဒ္ဓိပရိယတ္တိစာသင်တိုက် ဖုန်း-၅၆၀၇၄၃သို့ ဆက်သွယ်မေးမြန်းနိုင်သည်။ **(က-ပ)**

ရုပ်ရှင်လောကသားများအတွက် မင်္ဂလာညချမ်း

အကယ်ဒမီရရှိခဲ့သူများအား မြန်မာ့ရုပ်ရှင်အစည်းအရုံး၏ ဂုဏ်ပြုပွဲ

အနုပညာမြင်ကွင်း-မိုးမြင့်လင်းလက်၊ ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး(မြန်မာ့အလင်း)

ရန်ကုန် ဖေဖော်ဝါရီ ၁၆

၂၀၀၆ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ခံခဲ့ရတဲ့ ရုပ်ရှင်အနုပညာရှင် အတတ်ပညာရှင်တွေကို မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးကနေပြီး ဂုဏ်ပြုတဲ့အခမ်းအနားကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝင်္ကပါလမ်းမှာရှိတဲ့ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှာ ဖေဖော်ဝါရီ၁၆ ရက် ညနေ ၆ နာရီခွဲမှာ ကျင်းပခဲ့ပါတယ်။

တက်ရောက်

ဒီဂုဏ်ပြုပွဲ အခမ်းအနားကို ပြန်ကြားရေးဝန်ကြီးဌာနအောက်မှာရှိတဲ့ ဦးစီးဌာနနဲ့ လုပ်ငန်းများက တာဝန်ရှိ ပုဂ္ဂိုလ်တွေ အပါအဝင် ၂၀၀၆ခုနှစ် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုရရှိတဲ့ ရုပ်ရှင်အနုပညာရှင်တွေ တက်ရောက်ခဲ့ကြပါတယ်။

"ရုပ်ရှင်အနုပညာ လောကကို ချစ်တဲ့စိတ်၊ ယုံကြည်တဲ့စိတ်တွေ ပိုဖြစ်ရပါတယ်"

အကယ်ဒမီဒါရိုက်တာ မောင်မျိုးမင်း(ရင်တွင်းဖြစ်)

ထပ်ဆင့်ဂုဏ်ပြု

ဒီလို ဂုဏ်ပြုပွဲ ကျင်းပရမှုနဲ့ ပတ်သက်ပြီး မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး အတွင်းရေးမှူး မလိခ ဦးစိုးထိုက်အောင်နဲ့ တွေ့ဆုံမေးမြန်းတဲ့အခါ "၂၀၀၆ခုနှစ် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုရရှိတဲ့သူတွေကို နိုင်ငံတော်က ချီးမြှင့်သလို ကျွန်တော်တို့ရုပ်ရှင်အစည်းအရုံးကလည်း ထပ်ဆင့်ဂုဏ်ပြုတဲ့ပွဲဖြစ်ပါတယ်၊ ဒီလိုဂုဏ်ပြုတဲ့အခါမှာလည်း ဒီနှစ်မှာ ရုပ်ရှင်အကယ်ဒမီဆုရရှိတဲ့သူတစ်ဦးကို ငွေကျပ်သုံးသိန်း ချီးမြှင့်မှာမို့ အားလုံး အကယ်ဒမီ ၁၁ဆုဆိုတော့ ရုပ်ရှင်အစည်းအရုံးအနေနဲ့ ငွေကျပ် ၃၃ သိန်း ချီးမြှင့်ခြင်းဖြစ်ပါတယ်။ ဒီလိုဂုဏ်ပြုတဲ့ ပွဲမျိုးတွေ နောင်နှစ်တွေမှာလည်း ဆက်လက်ဆောင်ရွက်သွားနိုင်အောင် ကြိုးစားသွားမှာပါ"လို့ ပြောပြပါတယ်။

ပိုကြိုးစား

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဟာ ရုပ်ရှင်လောကသားတွေအတွက် ကူညီဖို့၊ ဂုဏ်ပြုဖို့အသင့်ရှိနေတာကို ဒီလိုပွဲက သက်သေပြနေပါတယ်။ အဲဒီနောက်မှာ ၂၀၀၆ခုနှစ် ရုပ်ရှင်အကယ်ဒမီဆုပေးပွဲမှာ **"မျှော်လင့်ခြင်းများစွာ"** ရုပ်ရှင်ဇာတ်ကားနဲ့ ဒါရိုက်တာအကယ်ဒမီဆုရရှိတဲ့ မောင်မျိုးမင်း(ရင်တွင်းဖြစ်)ကို ဒီပွဲနဲ့ပတ်သက်ပြီးမေးမြန်းတဲ့အခါ "ရုပ်ရှင်လောကသားအချင်းချင်း ဂုဏ်ပြုတဲ့ပွဲဖြစ်တာမို့ ဒီရုပ်ရှင်အနုပညာလောကကို ချစ်တဲ့စိတ်နဲ့ ယုံကြည်တဲ့စိတ်တွေပိုပြီး ဖြစ်ရသလို ပိုပြီးကြိုးစားဆုတွေရအောင်လည်း ကြိုးစားချင်တဲ့စိတ်ဖြစ်ပေါ်ရပါတယ်"လို့ အပြုံးတွေဝေပြီး ဖြေကြားသွားပါတယ်။

"ရုပ်ရှင်လောကကို ပိုပြီး ပေးဆပ်ချင်တဲ့စိတ်တွေ ဖြစ်ရပါတယ်"

အကယ်ဒမီဇော်မြင့်ဦး

ပထမဆုံးအကြိမ်

"မျှော်လင့်ခြင်းများစွာ" ရုပ်ရှင်ဇာတ်ကားနဲ့ အကောင်းဆုံးအမျိုးသားဇာတ်ပို့ဆုရရှိသွားတဲ့ ဖိုးကျော်ကလည်း "ဒီလိုဂုဏ်ပြုပွဲမျိုး ပထမဆုံးအကြိမ် တက်ရတာပါ။ ရုပ်ရှင်မိသားစုတွေက ဝိုင်းပြီးထပ်ဆင့်ဂုဏ်ပြုကြတာမို့ စိတ်လှုပ်ရှားမှုတွေဖြစ်ရပါတယ်။ ကျွန်တော့်အတွက် ဒီပွဲဟာဆက်ကြိုးစားဖို့ ခွန်အားတွေ ဖြစ်စေခဲ့ပါပြီ"လို့ ပြောပြပါတယ်။

တာဝန်ပိုရှိ

ဒီပွဲမှာ မှတ်တမ်းတင်ဓာတ်ပုံတွေ အရိုက်ခံနေတဲ့ တေးဂီတ အကယ်ဒမီဆုရ ကိုသော်ဇင် (လဝန်းအိမ်)နဲ့ တွေ့ဆုံမေးမြန်းတဲ့ အခါမှာလည်း "တေးဂီတပိုင်းမှာ အကယ်ဒမီရရှိခဲ့တာကို ရုပ်ရှင်အစည်းအရုံးက ဂုဏ်ပြုတာဆိုတော့ ကျွန်တော်တို့မှာ ရုပ်ရှင်လောကအတွက် တာဝန်တွေ ပိုရှိလာပြီလို့ ခံစားရပါတယ်။ ပိုပြီးကြိုးစားဖို့ လည်းလိုအပ်နေပြီလို့ သတိပေးလိုက်သလိုပါပဲ"လို့ ပြောကြားသွားပါတယ်။

"လုပ်ဖော်ကိုင်ဖက် ညီအစ်ကိုမောင်နှမတွေရဲ့ ဂုဏ်ပြုပွဲမှာ လှိုက်လှိုက်လှဲလှဲ အားပေးချင်လို့ပါ"

ခန့်စည်သူ

ဂုဏ်ယူဝမ်းမြောက်

ဒါ့အပြင်**"ပန်းပျိုးသူတို့အလင်္ကာ"**နဲ့ အကောင်းဆုံးအမျိုးသမီး ဇာတ်ပို့ဆုရရှိတဲ့အကယ်ဒမီမေသဉ္ဇာဦးကို တွေ့ဆုံပြီး ဒီပွဲအပေါ်ခံစားမှုကို မေးမြန်းတဲ့အခါ "ရုပ်ရှင်အနုပညာနဲ့ပတ်သက်ပြီး ကိုယ့်မိဘတွေက ကိုယ့်သားသမီးတွေ အကယ်ဒမီဆု ရတဲ့အပေါ် ထပ်ဆင့်ဂုဏ်ပြုနေတဲ့ပွဲမို့ ဂုဏ်ယူဝမ်းမြောက်ရပါတယ်။ဒီလိုဂုဏ်ပြုပွဲကိုတက်ရောက်ရတဲ့အတွက် နောက်ထပ်အကယ်ဒမီ

ဒီပွဲမှာ**"တောင်သမန်သစ္စာ"**ရုပ်ရှင်ဇာတ်ကားဇာတ်ညွှန်းနဲ့ အကယ်ဒမီရရှိခဲ့တဲ့ ဇော်မြင့်ဦးကလည်း "နိုင်ငံတော်ကချီးမြှင့်တဲ့အပြင် ကိုယ့်ရုပ်ရှင်မိသားစုတွေက ထပ်ဆင့်ချီးမြှင့်တာမို့ ရုပ်ရှင်လောကကို ပိုပြီးပေးဆပ်ချင်စိတ်တွေ ဖြစ်ရပါတယ်။ ဒီလိုအကယ်ဒမီဆုတွေ ရရှိအောင် ကြိုးစားဖို့ အားသစ် ထပ်လောင်းပေးလိုက်သလိုပါပဲ"လို့ ဝမ်းသာအားရ ပြောကြားသွားပါတယ်။

သမိုင်းမှတ်တိုင်

အခုပွဲမှာ ဧည့်သည်အဖြစ် တက်ရောက်လာတဲ့ ရုပ်ရှင်သရုပ်ဆောင် ခန့်စည်သူကလည်း "လုပ်ဖော်ကိုင်ဖက် ညီအစ်ကိုမောင်နှမတွေရဲ့ ပွဲကို လှိုက်လှိုက်လှဲလှဲအားပေးချင်လို့ရောက်လာတာပါ။တကယ့်ကိုဂုဏ်ပြုထိုက်တဲ့သူတွေပါပဲ။ အကယ်ဒမီဆိုတာ ရုပ်ရှင်အနုပညာရှင်တွေအတွက် သမိုင်းမှတ်တိုင်တစ်ခုပါ"လို့ ပြောကြားသွားပါတယ်။

မင်္ဂလာညချမ်း

ဒီဂုဏ်ပြုပွဲမှာ ၂၀၀၆ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိသူ တစ်ဦးစီကို မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ဂုဏ်ပြုငွေကျပ်သုံးသိန်းစီ၊ စူပါကော်ဖီမစ်မှ ဂုဏ်ပြုငွေတစ်ဦးလျှင် ငွေကျပ် နှစ်သိန်းစီနှင့် မင်္ဂလာကုမ္ပဏီမှ တစ်ဦးလျှင် ငွေကျပ် နှစ်သိန်းစီ ပေးအပ်ချီးမြှင့်ခဲ့တာမို့ ရုပ်ရှင်လောကသားတွေအတွက်တော့ တကယ့်ကို မင်္ဂလာညချမ်းဖြစ်ခဲ့ပါတော့တယ်။ ။

(မြန်မာ့အလင်း)

"ဆက်ပြီးကြိုးစားဖို့ ခွန်အားတွေ ဖြစ်စေခဲ့ပါပြီ"

အကယ်ဒမီဖိုးကျော်

အာဆီယံလူငယ်စွမ်းဆောင်ဆု ဒေါ်ချိုသီရိမောင်ရရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယန်ကျင်းမြို့တွင် ဖေဖော်ဝါရီ ၅ရက်မှ ၈ရက်အထိ ကျင်းပသည့် အာဆီယံလူငယ်အစည်းအဝေးနှင့် အာဆီယံစွမ်းဆောင်ဆုပေးပွဲသို့ တက်ရောက်ခဲ့သည့် မြန်မာအမျိုးသမီး စီးပွားရေး စွမ်းဆောင်ရှင်များအသင်း အလုပ်အမှုဆောင် ဒေါ်ချိုသီရိမောင် **(ယာပုံ)** သည် ဖေဖော်ဝါရီ ၇ ရက်တွင် Secretary General of Lao Youth Union, Mr. Khamphan Sithidampha က ချီးမြှင့်သည့် အာဆီယံလူငယ်စွမ်းဆောင်ရှင်ဆုကိုလက်ခံပြီး ဖေဖော်ဝါရီ ၈ ရက် မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံသို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း မိတ်ဆုံညစာစားပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း (MCPA)က ကြီးမှူး၍ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း ဒုတိယအကြိမ်မြောက် မိတ်ဆုံညစာစားပွဲကို ဖေဖော်ဝါရီ ၂၉ရက် (သောကြာနေ့) ညနေ ၅နာရီခွဲမှ ၈နာရီခွဲအထိ ရန်ကုန်တိုင်း လှိုင်မြို့နယ် Myanmar Info-Tech မြက်ခင်းပြင်၌ ကျင်းပပြုလုပ်မည်ဖြစ်သည်။

ညစာစားပွဲတက်ရောက်သူတိုင်းအတွက် Door Gift လက်ဆောင်များ၊ Lucky Draw ဆုမဲများပါဝင်မည်ဖြစ်ပြီး မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း သတင်းလွှာများကိုလည်း အခမဲ့ဖြန့်ဝေမည်ဖြစ်သည်။ ထို့ပြင် ဖျော်ဖြေရေး အစီအစဉ်များလည်း ပါဝင်သည်။

အသေးစိတ်အချက်အလက်များကို မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း အဆောင် ၄ အခန်း ၄ Myanmar Info-Tech ဖုန်း-၆၅၂၂၇၆သို့ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဟိတေသီ သင်္ကြန်ယောဂီစာရင်းနှင့် စဘူးများ လှူဒါန်းနိုင်ပြီ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

အမှတ်(၁၆) မဟာစည်သာသနာ့ရိပ်သာ ဟိတေသီအဖွဲ့ ဗဟန်းမြို့နယ်မှ မိမိတို့ဆန္ဒအလျောက် လှူဒါန်းကြသော စဘူးများအား မတ် ၁၅ရက်မှ စ၍ အပ်နှံနိုင်ပြီး သင်္ကြန်ယောဂီစာရင်းအား လာမည့် ဧပြီ ၁၀ရက်နောက်ဆုံးထား၍ ပေးသွင်းနိုင်ကြောင်း ဟိတေသီအဖွဲ့ မဟာစည် သာသနာ့ရိပ်သာက ကြိုတင် နှိုးဆော်ထားသည်။

(က-ပ)

တာဝန်ကိုယ်စီ ကျေပွန်ပါမှ

သက်ရှိတိုင်းတွင် တာဝန်အသီးသီးရှိကြသည်။ မိမိတို့၏ စားဝတ်နေရေးမိသားစုတာဝန်အပြင် မိမိနေထိုင်ကျင်လည်ကျက်စားရာ ပတ်ဝန်းကျင်အဖွဲ့အစည်းအတွက်ပါ ဆောင်ရွက်ပေးရမည့်တာဝန်များ ရှိပေသည်။ ပျားသည်မိမိဘဝရှင်သန်ရေးအတွက် ပန်းဝတ်ရည်ကို သောက်သုံးရသကဲ့သို့ မိမိပတ်ဝန်းကျင်အတွက် ပျားအုံတည်ဆောက်ခြင်းပြုကာ ပျားရည်များ စုစည်းသိုလှောင်ခြင်း၊ ဝတ်မှုန်ကူးပေးရခြင်းတို့ကိုပါ လုပ်ဆောင်ရသည်။ ထို့အတူ ကျွဲ၊ နွားများသည်လည်း မိမိဘဝရှင်သန်ရေးသာမက လယ်ယာထွန်ယက်ခြင်း၊ သစ်ဝါးဆွဲခြင်း၊ သယ်ယူပို့ဆောင်ခြင်းတာဝန်များကို ထမ်းဆောင်ရသည်။ သက်ရှိအားလုံးတွင် လူ့ဘောင်လောက၏ အသီးသီး တာဝန်ရှိခြင်းသည် ပိုမိုအရေးပါ ကျယ်ပြန့်လှပေသည်။

လူများသည် မိမိအကျိုးကိုသာ ဆောင်ရွက်၍မရပါ။ မိမိနှင့်ဆက်စပ်နေသော လူ့လောကအတွက် အများအကျိုးကိုပါ လုပ်ဆောင်ကြရသည်။ ၎င်းမှတစ်ဆင့် နိုင်ငံနှင့်လူမျိုးအကျိုးကိုပါ သယ်ပိုးရန်တာဝန်ရှိသည်။နေရာအသီးသီး၊ အလွှာအသီးသီး၊အဆင့်အတန်းအသီးသီး၊ အသက်အရွယ် အမျိုးမျိုးသော လူသားတိုင်းတွင် တာဝန်ကိုယ်စီရှိကြသည်။ တာဝန်ကျေပွန်ကြသော လူများ၏ လူ့ဘောင်အဖွဲ့အစည်းသာလျှင် စည်းကမ်းတကျနှင့် ဖွံ့ဖြိုးတိုးတက်နိုင်ပြီး တာဝန်မကျေပွန်ကြပါက စည်းပျက်ကမ်းပျက်၊ ဖရိုဖရဲ၊ စနစ်တကျမရှိဘဲ ဆုံးရှုံးမှု၊ ဆုတ်ယုတ်မှုများကိုသာ ရင်ဆိုင်ရလိမ့်မည် ဖြစ်သည်။

လူ့လောကတွင် တစ်ဦးချင်းလုပ်ရမည့်တာဝန်၊ မိမိ၏ မိသားစုအတွက်တာဝန်၊ မိမိအဖွဲ့အစည်း၊ နေရာဒေသအတွက် တာဝန်၊ မိမိလုပ်ငန်းဌာနအတွက်တာဝန်၊ နိုင်ငံ့တာဝန် စသည်ဖြင့် တာဝန်များမှာ ကျယ်ပြန့်လှပါသည်။ ကျောင်းသားလည်း ကျောင်းသားအလျောက်၊ ဆိုက်ကားသမားလည်း ဆိုက်ကားသမားအလျောက်၊ ဈေးသည်ကလည်း ဈေးသည်အလျောက်၊ ကျောင်းဆရာလည်း ကျောင်းဆရာ အလျောက်၊ ဆရာဝန်ကလည်း ဆရာဝန်အလျောက်၊ ဝန်ထမ်းကလည်း ဝန်ထမ်းအလျောက် မိမိတို့ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ကြရန် လိုအပ်ပါသည်။ ပြည်သူတစ်ရပ်လုံးက တက်ညီလက်ညီဖြင့် ကိုယ်စီတာဝန်ကျေပွန်ကြမှသာ မိမိတို့မျှော်မှန်းသည့် စည်းကမ်းပြည့်ဝပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သို့ လျင်မြန်စွာ ရောက်ရှိနိုင်မည်ဖြစ်သည်။ သို့မဟုတ်ပါက အောင်မြင်ရန် အချိန်ကြန့်ကြာပြီး၊ ရေရှည်ထိန်းသိမ်းစောင့်ရှောက်ရန်လည်း ခက်ခဲမည်သာဖြစ်သည်။

တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခြင်းဟုဆိုရာတွင် ခံယူနားလည်သဘောပေါက်ကြသည့် အနေအထားအရ အမျိုးမျိုးကွဲပြားခြားနားသည်ကို တွေ့ရပါသည်။ တချို့က တာဝန်ကျေဟု လည်းကောင်း၊ တချို့ကလည်း ဝတ်ကျေတန်းကျေဟုလည်းကောင်း နားလည်ခံယူကြသည်။ တချို့ကျပြန်တော့လည်းမလုပ် မရှုပ်မပြုတ် ရေလိုက်ငါးလိုက်ကို တာဝန်ကျေဟု မှတ်ယူကြပြန်သည်။ အမှန်တကယ်မူ တာဝန်ကိုကျေပွန်စွာ ထမ်းဆောင်ခြင်းသည် ထိုမျှမက အဆပေါင်းများစွာနက်နဲကျယ်ဝန်းပြီး အနှစ်သာရလည်း ပိုမို ရှိပေသည်။

ဝန်ထမ်းတစ်ယောက် ရုံးချိန် ပုံမှန်လာပြီး ရှိတဲ့အလုပ်ကလေးလုပ်သွားတာ တာဝန်ကျေပါသလား၊ အထက်ကခိုင်းတာလေးလုပ်ရုံနဲ့ တာဝန်ကျေပွန်ပါသလား၊ ထို့အတူ သာမန်ပြည်သူတစ်ယောက်သည်လည်း မိမိမိသားစု စားဝတ်နေရေး အဆင်ပြေအောင် လှုပ်ရှားရုန်းကန်နေရတာ တာဝန်ကျေပွန်ပါ ပြီလား၊ ဒါတွေကို တာဝန်ကျေပွန်သည်ဟု မဆိုချင်ပါ။ ဝတ်ကျေတန်းကျေ၊ တာဝန်ကျေဟုဆိုလျှင်တော့ ရနိုင်ပါသည်။ တစ်နည်းဖြေရလျှင် **မိမိရရှိသည့် လစာ၊ အဖိုးအခ၊ တန်ရာတန်ကြေးကျေအောင်လုပ်သည့်အဆင့်သာ ရှိပါလိမ့်မည်။ အရာရာကို စေတနာထားပြီး၊ ထိုးထွင်းတီထွင်ကြံဆ၍ ဆန်းသစ်အောင် ကြိုးစားဆောင်ရွက်ခြင်း၊ မိမိပတ်ဝန်းကျင်၊ ပြည်သူလူထုနှင့် နိုင်ငံတော်အကျိုးကိုပါ မျှော်ကိုး၍ အနှစ်နာခံဆောင်ရွက်ခြင်း စသည်တို့ပါပေါင်းစပ်ပြီး ပိုမို ထိရောက်အောင်မြင်အောင် ဆောင်ရွက်နိုင်မှသာ တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ရာ ရောက်ပေလိမ့်မည်။**

အချို့ကိစ္စများတွင် မိမိနှင့်မဆိုင်ဟုထင်မှတ်ပြီး မသိကျိုးကျွန်ပြု၍ မနေသင့်ပါ။ မဖြစ်သင့်တာ၊ မလုပ်သင့်တာ၊ မှားနေတာ၊ အမြင်မတော်တာတွေ့ပါက ချက်ချင်းပြုပြင်ပေးသင့်ပါသည်။ ဤသို့ပြုပြင်ပေးရန်မှာ အကြီးအကဲ၊ လုပ်ဖော်ကိုင်ဖက်၊ မိတ်ဆွေ၊ အပေါင်းအသင်း၊ ပြည်သူတစ်ယောက်အနေနှင့် တာဝန်ရှိပေသည်။ ထိုသို့ပြုပြင်ပြောဆို ထောက်ပြမှုကိုခံရသူက ကျေနပ်ချင်မှ ကျေနပ်လိမ့်မည်။ မုန်းချင်လည်း မုန်းလိမ့်မည်။ ဒါကိုစိုးရိမ်၍ ရှောင်လွှဲပြီး မသိချင်ယောင်၊ မမြင်ချင်ယောင်ဆောင်နေပါက ထိုသို့မဟုတ်တာလုပ်နေသူသည် သူလုပ်တာကို အဟုတ်ကြီးထင်ကာ ဆက်လုပ်နေလိမ့်မည်။ မဖြစ်သင့်တာတွေဖြစ်ပြီး အကျိုးမရှိ နစ်နာဆုံးရှုံးမှုများကို

အေးချမ်း

ရင်ဆိုင်ကြရလိမ့်မည်။ ထို့ကြောင့် အချင်းချင်း မဖြစ်သင့်တာမဖြစ်အောင်၊ မလုပ်သင့်တာမလုပ်အောင်၊ မမှားသင့်တာ မမှားအောင် ထောက်ပြအကြံပြုပြောဆိုခြင်းမှာ လူတိုင်းလူတိုင်းက လုပ်ဆောင်သင့်သည့် တာဝန်တစ်ရပ်ဖြစ်ပါသည်။

ဥပမာဆိုပါစို့၊ နေရာဒေသ ဌာနအလိုက် သန့်ရှင်းသာယာလှပမှုနှင့် စနစ်ကျနမှုအတွက် စည်းကမ်း ကန့်သတ်ချက်များရှိပါသည်။ ကွမ်းတံတွေးမထွေးရ၊ ဆေးလိပ်မသောက်ရ၊ အမှိုက်မပစ်ရ၊ မြက်ခင်းပေါ်လမ်းမလျှောက်ရ၊ ပန်းမခူးရ စသည်ဖြင့် တွေ့ရပေမည်။ သို့သော် ၎င်းနေရာတွင် တစ်စုံတစ်ယောက်က မလိုက်နာဘဲ၊ ဖောက်ဖျက်ကျူးလွန်ခဲ့ပါလျှင် မြင်တွေ့သောအခြားတစ်ယောက်က ထောက်ပြပြုပြင်ပေးသင့်သည်။ တစ်စုံတစ်ဦး၏ စည်းကမ်းမလိုက်နာသော အပြုအမူကြောင့် မိမိတို့အားလုံး၏ သန့်ရှင်းသာယာလှပမှုနှင့် စနစ်တကျရှိမှုကို ထိခိုက်ပျက်စီးဆုံးရှုံးသွားနိုင်သည်။ ဖောက်ဖျက် ကျူးလွန်မိသူကလည်း မိမိအား အမှန်ကို သိမြင်အောင် ထောက်ပြပြောဆိုခြင်းကို ကျေနပ်စွာလက်ခံပြီး သိရှိနားလည်ကာ ပြုပြင်သွားသင့်သည်။

ယနေ့ပြောဆိုနေကြသော စကားတစ်ခွန်းရှိသည်။ အများမိုးခါးရေသောက်လျှင် ကိုယ်လည်းမိုးခါးရေ သောက်ရမည်တဲ့။ ထိုစကားသည် ကောင်းကျိုးထက် ဆိုးကျိုးကို ဦးတည်တိုက်တွန်းသကဲ့သို့ ဖြစ်နေသည်။ အများသောက်တိုင်း မသောက်သင့်ပါ။ ဖြစ်နိုင်လျှင် အများကိုပါ မသောက်အောင် တားမြစ်သင့်သည်။ စည်းပျက်ကမ်းပျက် ဖြစ်နေသူတစ်ယောက်ကို ဝိုင်းဝန်းပြုပြင်ပြီး၊ လမ်းမှန်ရောက်အောင် လက်တွဲခေါ်ဆောင်ရမည့်အစား သူလုပ်သလို ကိုယ်လိုက်လုပ်ပါက ကိုယ်လည်း အကျင့်ပျက်၊ စည်းကမ်းပျက်ပင်ဖြစ်ပေမည်။ ဒီလိုပဲ သူများမိုးခါးရေသောက်လို့ ကိုယ်လည်းမိုးခါးရေ သောက်ရသူတွေများလာရင် နိုင်ငံတော်အတွက် အကျိုးမရှိရုံသာမက၊ အန္တရာယ်ပင်ရှိနိုင်သည်ကို သတိထားဆင်ခြင်သင့်ကြသည်။

သို့သော် ထိုသို့ပြုမူဆောင်ရွက်ရန်မှာ မလွယ်ကူနိုင်ပါ။ အများအကျိုးလုပ်ဆောင်ရခြင်းဖြစ်၍ မလိုတမာဖြင့် ထိုးနှက်လာသည်များကို ခံနိုင်ရည်ရှိရပါမည်။ ပင်ပန်းဆင်းရဲမှုရှိနိုင်ပါသည်။ နစ်နာဆုံးရှုံးမှု ရှိနိုင်ပါသည်။ မိမိက လုပ်သင့်တာကို လုပ်လိုက်တာမှန်သော်လည်း အများကကိုတိကျကြီး၊ ကိုလူမှန်ကြီး စသည်ဖြင့် ထိကြ၊ ရိကြ၊ ကဲ့ရဲ့ကြပါလိမ့်မည်။ ဒါတွေကို စိုးရိမ်ကြောက်ရွံ့ပြီး မိမိလုပ်သင့်၊ ပြောသင့်တာကို မလုပ်မိ၊ မပြောမိပါက အကျိုးမရှိနိုင်တော့ပါ။ လုပ်သင့်တာကို တာဝန်သိသိ၊ သစ္စာရှိရှိဖြင့်လုပ်ရန် တိုက်တွန်းလိုပါသည်။

ယနေ့ခေတ်သည် အချိန်နှင့်အမျှ အဘက်ဘက်မှ လျင်မြန်စွာဖွံ့ဖြိုးတိုးတက်ပြောင်းလဲနေသော ကာလဖြစ်သည်။ လုပ်ငန်းတာဝန်များကို ယခင်အတိုင်း ပုံမှန်သမားရိုးကျလုပ်နေခြင်းထက်၊ ခေတ်ကာလနှင့်လျော်ညီအောင် ပိုမိုဆန်းသစ်သွက်လက်ပြီး အနှစ်သာရရှိရှိ တိုးတက်ပြောင်းလဲ လုပ်ဆောင်သင့်ကြသည်။ ဖြစ်သင့်တာ၊ လုပ်သင့်တာကို စဉ်းစားတွေးခေါ်ပြီး ထိုးထွင်းဉာဏ်ဖြင့် တီထွင်ကြံဆ လုပ်ဆောင်ကြမှသာ လက်ရှိအခြေအနေနှင့် ကိုက်ညီပြီး အသွင်သဏ္ဌာန်ရောအနှစ်သာရပါ ခေတ်မီဖွံ့ဖြိုးတိုးတက်နိုင်မည် ဖြစ်သည်။

ထို့ကြောင့် အလုပ်တာဝန်တစ်ခုကို ဘက်ပေါင်းစုံမှ နက်နက်နဲနဲစဉ်းစားတွေးခေါ် မြော်မြင်ပြီး အဘက်ဘက်ကလိုလေသေးမရှိ ထောင့်စေ့အောင်၊ ပြီးပြည့်စုံအောင်လုပ်ဆောင်နိုင်မှသာ တာဝန်ကျေပွန်သည်ဟု ဆိုနိုင်လိမ့်မည်။ တစ်နည်းအားဖြင့် မိမိအား ပေးအပ်ထားသောတာဝန်ကို အခြားသူတစ်ယောက်က ဝင်ရောက်ဖြည့်စွက်ကူညီလုပ်ဆောင်ပေးရန် မလိုလောက်အောင် ပြီးပြည့်စုံစွာ တိတိကျကျ၊ မှန်မှန်ကန်ကန်၊ မြန်မြန်ဆန်ဆန် ဆောင်ရွက်နိုင်မှသာ တာဝန်ကျေပွန်ကြပေလိမ့်မည်။ ထိုသို့မဟုတ်ဘဲ ဒီလိုခိုင်းတာ၊ အရင်လည်း ဒီလိုလုပ်တာပဲ၊ ခုလည်း ဒီလိုပဲလုပ်မယ်၊ လိုရင်၊ မှားရင် တာဝန်ရှိတဲ့သူတွေပြင်ကြပေါ့၊ ငါတတ်နိုင်တာ ငါသိသလောက်ပဲလုပ်မယ် ဆိုသည့်အတွေးဖြင့် မပြည့်မစုံ၊ မတိမကျ၊ မရေမရာ၊ ငါ့လက်ကလွတ်ပြွတ် ဆိုသည့်သဘောဖြင့် လုပ်ပါက တာဝန်မကျေသည့်အပြင် သစ္စာစောင့်သိရာလည်း မရောက်ပေ။

ထို့ကြောင့် တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံးက တာဝန်ကိုကျေပွန်စွာ ထမ်းဆောင်ကြခြင်းဖြင့် မိမိတို့တစ်ဦးချင်း အကျင့်စာရိတ္တ၊ အတွေးအခေါ်၊ အသိစိတ်၊ ယုံကြည်ချက်၊ ခံယူချက်စသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ နိုင်ငံတော် အတွက်လည်း အောင်မြင်မှုအကျိုးတရားများဖြင့် သာယာလှပလာနိုင်မည်ဖြစ်၍ အားလုံးတာဝန်ကျေပွန်ကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

အရာရာကို စေတနာထားပြီး၊ ထိုးထွင်းတီထွင်ကြံဆ၍ ဆန်းသစ်အောင် ကြိုးစားဆောင်ရွက်ခြင်း၊ မိမိပတ်ဝန်းကျင်၊ ပြည်သူလူထုနှင့် နိုင်ငံတော်အကျိုးကိုပါ မျှော်ကိုး၍ အနစ်နာခံဆောင်ရွက်ခြင်း စသည်တို့ပါ ပေါင်းစပ်ပြီး ပိုမိုထိရောက်အောင်မြင်အောင် ဆောင်ရွက်နိုင်မှသာ တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ရာ ရောက်ပေလိမ့်မည်။

ပျော်ဘွယ်အရှင်ဝိသုဒ္ဓရံသီ ပျော်ဘွယ်ဓမ္မသဘင်များ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

မြောက်ဥက္ကလာပမြို့နယ် မယ်လမုဘုရားအနီး ဓမ္မသီဂီပျော်ဘွယ်ပရိယတ္တိစာသင်တိုက်နှင့် မင်္ဂလာဒုံမြို့နယ် ကုန်းတလပေါင် ဓမ္မသီဂီပျော်ဘွယ် ပဋိပတ္တိသာသနာ့ရိပ်သာတို့၏ ပဓာနနာယက ဂန္ထဝါစကပဏ္ဍိတ သဒ္ဓမ္မဇောတိကဓဇ ကမ္မဋ္ဌာနာစရိယ ပြည်တွင်းပြည်ပသာသနာပြုဓမ္မကထိက ပျော်ဘွယ်အရှင်ဝိသုဒ္ဓရံသီသည် ဖေဖော်ဝါရီ ၁၇ရက်တွင် ဓမ္မသီဂီပျော်ဘွယ် ပဋိပတ္တိသာသနာ့ရိပ်သာ ဗုဒ္ဓပူဇနီယပွဲအကြိုပဌာန်းဖွင့်ပွဲတရား၊ ၂၀ရက်နှင့်၂၁ ရက်များတွင် ပျော်ဘွယ်မြို့နယ် ဇီးတောကျောင်း ဗုဒ္ဓပူဇနီယ အကြိုတရားပွဲများ၊ ၂၂ရက်နေ့ နံနက်ပိုင်းတွင် ဇီးတောကျောင်း ဗုဒ္ဓပူဇနီယပွဲအနုမောဒနာတရား၊ ယင်းနေ့ညပိုင်းတွင် ပျော်ဘွယ်မြို့နယ် ညောင်ကုန်းကျေးရွာ၊ ကြွယ်ကန်ကျေးရွာ၊ ဇီးချိုကုန်းကျေးရွာ သုံးရွာ စုပေါင်း၍ ညောင်ကုန်း ဓမ္မာရုံတရားပွဲ၊၂၃ရက်ညတွင် ပျော်ဘွယ်မြို့နယ် တောင်ဖီလာကျေးရွာ ဘုန်းတော်ကြီးကျောင်းတရားပွဲ၊ ၂၄ရက်ညတွင် ပျော်ဘွယ်မြို့နယ် မဲဒီးကျေးရွာ၊ မင်းတဲကုန်းကျေးရွာ၊ ချောင်းနားကျေးရွာသုံးရွာစုပေါင်း၍ အလယ်ကျောင်းဓမ္မာရုံတရားပွဲ၊ ၂၅ရက်ညတွင် ပျော်ဘွယ်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ရွှေပြည်သာဘုရားဂေါပကနှင့် မြို့နယ်လုံးဆိုင်ရာ ကရုဏာရှင်နာရေးကူညီမှု အသင်းတို့၏အထူးတရားပွဲ၊ ၂၈ရက်၊ ၂၉ရက် ညများတွင် လပွတ္တာမြို့နယ် လပွတ္တာလုပ်ရှင်စောမြတ် စေတီတော်အထူးတရားပွဲတို့၌ ဟောကြားမည်ဖြစ်သည်။

(က-ပ)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် မင်းကျောင်းလမ်းရှိ သစ္စာ ဒီပက ဝိပဿနာအဖွဲ့ချုပ်ရိပ်သာ ဆောက်လုပ် ရန် အတွက် အင်းစိန် မြို့နယ် (ဟိုက် ပတ်) သာယာ အေး လမ်း အမှတ် (၃၇) နေ မိခင် ဒေါ်ခင်ညွန့်၊ သမီး မခင်မာဝေ မိသားစုက အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးနိုင်အောင်နှင့် အတွင်းရေးမှူး ဦးမြင့်ဆန်းတို့ လက်ခံယူစဉ်။

(က-ပ)

ပရိယတ္တိစာမေးပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် ပရိယတ္တိ အလယ်တိုက် ကျောင်းတွင် (၂၄)ကြိမ်မြောက် မြို့နယ်လုံးဆိုင်ရာ ပရိယတ္တိစာမေးပွဲကို ဖေဖော်ဝါရီ၂၂ရက်မှ ၂၈ရက်အထိ ကျင်းပမည် ဖြစ်သည်။

စာဖြေသံဃာတော် အရှင်မြတ်များအား ဆက်ကပ်လှူဒါန်းလိုသူများနှင့် စာအောင်ဆုနှင်းသဘင်ပွဲ ဆက်ကပ်လှူဒါန်းလိုသူများသည် မြို့နယ်ပရိယတ္တိ ထောက်ပံ့ရေးကော်မတီ ဥက္ကဋ္ဌ ဦးချစ်အေး ဖုန်း–၂၂၄၆၂၃၊ အတွင်းရေးမှူး ဦးတင်ဆွေအောင် ဖုန်း–၂၂၂၆၃၈နှင့် ဘဏ္ဍာရေးမှူး ဒေါ်သန်းသန်းညွန့် ဖုန်း–၂၂၈၁၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၁၀၄)**

မိုးကုတ်ဝိပဿနာ ဘောဇနဆောင်အတွက် လှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အမှတ် ၈၂ နတ်မောက်လမ်းရှိ မိုးကုတ် ဝိပဿနာအဖွဲ့ချုပ်ကြီးအတွင်း စုပေါင်းဆောင်ရွက် ဆောက်လုပ်နေပြီဖြစ်သော လေးထပ်ဘောဇနဆောင်အတွက် ဒေါ်အင်စိန်နှင့် သားသမီး၊မြေးတစ်စု အမှတ်၅၇၊ ၁၃လမ်း လမ်းမတော်က ငွေကျပ် ၁၅သိန်း၊ ဦးမျိုးမြင့်–ဒေါ်သိန်းသိန်းဝင်း သား ဘိုဘိုမျိုးမြင့်၊ ငြိမ်းကိုကို သမီး နွေးနိုနိုဝင်း မိသားစုက သား ဘိုဘိုမျိုးမြင့် မွေးနေ့အလှူ (Zarni Super Boy Fancy Shop) အမှတ်၉၀ အောင်မင်္ဂလာလမ်း မင်္ဂလာတောင်ညွန့်က ငွေကျပ် ၁၀သိန်း၊ ဒေါ်ဖွားမြင့် မိသားစု ကျောက်ကုန်း ရန်ကင်းက ငွေကျပ်တစ်သိန်း၊ ဦးအောင်မင်း–ဒေါ်အားတောင် မိသားစု ကချင်ပြည်နယ် မြစ်ကြီးနားက ငွေကျပ်တစ်သိန်း၊ ဒေါ်သူဇာမိသားစု အေးရိပ်မွန်လမ်း လှိုင်မြို့နယ်က ငွေကျပ်တစ်သိန်း၊ အဘွားဒေါ်အေး၊ ဦးညွန့်–ဒေါ်တင်ကြည်မိသားစု အမှတ်(၅) အခန်း၉ ဦးဝိစာရအိမ်ရာက ငွေကျပ်တစ်သိန်းနှစ်သောင်း အသီးသီးလှူဒါန်းကြသည်။ စုပေါင်းဆောင်ရွက်လိုပါက ဖုန်း–၅၄၁၈၆၀ သို့ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က–ပ)**

ငပုတောမြို့နယ်၌ စာပေဟောပြော

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ငပုတောမြို့နယ်ခန်းမတွင် ဇန်နဝါရီ ၂၉ ရက် ညနေခါက စာပေဟောပြောပွဲကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးဌေးကျော်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များ၊ စာချစ်သူပြည်သူများ တက်ရောက်အားပေးကြသည်။

ဟောပြော

စာပေဟောပြောပွဲတွင် လယ်တွင်းသားစောချစ် (ဘဝမှစာ၊ စာမှဘဝ)၊ ဖေမြင့်(စာကိုဘယ်လိုဖတ်မလဲ)၊ မောင်စိန်ဝင်း (ပုတီးကုန်း)(ရသစာပေ)၊ ချစ်ဦးညို အနုပညာ ဖန်တီးမှု၊ အနုပညာခံစားမှုတို့က ပြည်သူ့အကျိုးပြုစာပေ ရေးရာများကို ဟောပြောကြသည်။

အားပေး

နောက်တစ်နေ့နံနက်တွင် ရေးဟောင်းသာသနာ့နယ်မြေများဖြစ်သော ရွှေမြင်းတင်စေတီ၊ ဥယျာဉ်တောင် မြို့ဦးစေတီ၊ ဆပဒသိမ်တော်ကြီးနှင့် ရဟန္တာလိုဏ်ဂူတို့ကို လေ့လာပြီး ငပုတောမြို့ အထက နဝရတ်ခန်းမ၌ စာပေဟောပြောပွဲ ကျင်းပသည်။ မြို့နယ်ပညာရေးမှူး ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်အားပေးကြသည်။ **(မြို့နယ်ကြံ့ခိုင်ဖွံ့ဖြိုးရေး)**

ဆရာကြီးဦးအုန်းကျော်၏ ပညာရည်ချွန် ဆုနှင်းသဘင်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ညောင်လေးပင်မြို့ ဆရာကြီးဦးအုန်းကျော်၏ ပညာရည်ချွန် ရွှေတံဆိပ်ဆုနှင်းသဘင် ကျင်းပခဲ့သည်မှာ ၂၀၀၇ ခုနှစ် အထိ(၂၃) ကြိမ်မြောက်ရှိခဲ့ပြီး ရွှေတံဆိပ်ဆုချီးမြှင့်ရေး ဦးဆောင်ကော်မတီ အမှုဆောင်လူကြီးများနှင့် မျိုးဆက်သစ်လူငယ်အဖွဲ့ အစည်းအဝေးကို ဇန်နဝါရီ ၁၈ရက်တွင် ကျင်းပ၍ (၂၄)ကြိမ်မြောက် ဆုနှင်းသဘင်ကို နိုဝင်ဘာ ၁၁ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပရန် ဆုံးဖြတ်ကြသည်။အလှူငွေများကို ကိုအောင်သိန်းဝင်း– မနီလာစိန် ဖုန်း–၀၁–၆၈၀၉၉၇၊ ၀၉–၅၁–၀၈၃၁၆၊ ဒေါ်မြင့်မြင့်စိန် ဖုန်း–၀၁–၅၅၂၅၂၅၊ ၀၉–၅၁–၅၃၈၁၅ (ရန်ကုန်)၊ ဦးစိုးဝင်း ဖုန်း–၀၅၂–၅၀၂၆၂၊ ဒေါက်တာဒေါ်အုန်းနွဲ့ ဖုန်း– ၀၅၂–၅၀၃၈၉၊ ဦးတင်အောင်ဗိုလ် ဖုန်း–၀၅၂–၅၀၁၇၄ နှင့် ဦးအေးကျော် ဖုန်း–၀၅၂– ၅၀၂၄၅(ညောင်လေးပင်) တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ကျေးလက်ရေပေးရေး စစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ရွှေကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ကျေးလက်ရေပေးရေး ၁၀နှစ် စီမံချက်အရ ရွှေကူမြို့ ငါးဘတ်ကြီးကျေးရွာ၌ ဆောင်ရွက်ထားသော လက်နှိပ်တုံကင်တွင်းများအား ၂၀၀၇–၂၀၀၈ဘဏ္ဍာနှစ်အတွင်း ပြုပြင်ခဲ့ရာ ဖေဖော်ဝါရီ ၂ရက်က အမှုဆောင်အရာရှိ ဦးခင်အောင်နီနှင့် ကျေးရွာရပ်မိရပ်ဖများက ကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးသန်းနိုင်က ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ လှိုင်လှိုင်ဝင် သားငါးနှင့် ဆန်သစ်များ ဈေးကွက်သို့ မှန်မှန်ရောက်ရှိ

ဈေးကွက်သတင်းမြင်ကွင်း – မြင့်မောင်စိုး (မြန်မာ့အလင်း) ဓာတ်ပုံမှတ်တမ်း – အောင်သန်း (မင်္ဂလာတောင်ညွန့်) စာမျက်နှာဖွဲ့စည်းမှု – ထိန်လင်း

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ယခုသီတင်းပတ် ဖေဖော်ဝါရီ၁၆ ရက်တွင် အခြေခံစားကုန်များဖြစ်သည့် ဆန်၊ ဆီ၊ သား၊ ငါးနှင့် သစ်သီးဝလံဟင်းသီးဟင်းရွက် ဈေးနှုန်းများကို ကြည့်မြင်တိုင်မြို့နယ် ဗဟိုစံပြ ငါးဈေး၊ သီရိမင်္ဂလာဈေး၊ ဝါးတန်းဆိပ်ကမ်းနှင့် ပုဇွန်တောင်ဈေးများမှ စာရင်းကောက်ယူဖော်ပြလိုက်ပါသည်။

သီရိမင်္ဂလာ ဈေးကြီး၌ ထောပတ်သီးများ ရောင်းကြ၊ ဝယ်ကြသည်မှာလည်း ...

ဆန်ဈေး

ဆန်ဈေးကွက်မှာ ရန်ကုန်မြို့ ဝါးတန်းဆိပ်ကမ်းရှိ မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်းသို့ နေ့စဉ် ပျမ်းမျှ တစ်တင်းခွဲ ဝင်အိတ်ပေါင်း လေးသောင်းခွဲ ငါးသောင်းနီးပါး ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

ယခုအခါ ဆန်သစ်များ လှိုင်လှိုင်ပေါ်ချိန်ဖြစ်၍ ရန်ကုန်သို့ ဒေးဒရဲ၊ ဖျာပုံ၊ကျိုက်လတ်၊ မြောင်းမြ၊ ဝါးခယ်မစသော မြို့များမှ သင်္ဘောများဖြင့် နေ့စဉ်တင်ပို့ရောင်းချလျက် ရှိသည်။

ရန်ကုန်တိုင်းအတွင်းရှိ တွံတေး၊ ကွမ်းခြံကုန်းမြို့နယ်များမှလည်း စက်လှေများဖြင့် ရန်ကုန်သို့တင်ပို့ရောင်းချနေသည်။

ပုဇွန်တောင်ဈေး၌ လက်လီရောင်းချသော ဆန်ဈေးနှုန်းမှာ ဆန်ကြမ်း တစ်ပြည်လျှင် အနည်းဆုံး ကျပ်၄၅၀၊ အများဆုံး ကျပ်၆၅၀ဈေး ရှိသည်။

ဗားကရာဆိပ်ကမ်း၌ ငှက်ပျောသီး ရောင်းချနေသော ဆိုင်တစ်ဆိုင်။

ဆန်ဈေးနှုန်းမှာ အနည်းဆုံး ကျပ်၆၅၀၊ အများဆုံး ကျပ်၁၀၀၀ဈေးရှိသည်။ ဆန်ဈေးမှာ ဆန်သစ်များ လှိုင်လှိုင်ဝင်လာ၍ ဈေးငြိမ်နေကြောင်း ပုဇွန်တောင်ဈေးမှ ဆန်ကုန်သည်တစ်ဦးက ပြောကြားသည်။

ဆီဈေးနှုန်း

အခုတလော ဆီဈေးမှာ အနည်းငယ် ဈေးမာလာသည်။ ပုဇွန်တောင် လက်လီဆီဈေးကွက်တွင် စားအုန်းဆီ တစ်ပိဿာကျပ်၃၂၀၀၊ မြေပဲဆီတစ်ပိဿာ ကျပ်၃၈၀၀၊ မြေပဲဆီ အထူးရှယ်တစ်ပိဿာလျှင် ကျပ်၄၀၀၀ ဈေးပေါက်နေသည်။

သားငါးဈေး

သား ငါး ဈေးကွက်မှာ ကြည့်မြင်တိုင်မြို့နယ် ဗဟိုစံပြ ငါးဈေးကြီးသို့ ခါတိုင်းရက်များကထက် အနည်းငယ် ပို၍ ငါးများဝင်ရောက်လျက် ရှိသည်။ ဖေဖော်ဝါရီ ၁၆ ရက်က ဗဟိုစံပြ ငါးဈေးကြီးသို့ ငါးပိဿာချိန် ၁၅၆၇၄၁ပိဿာ ဝင်ရောက် လာသည်။ အဓိက တင်ပို့ရောင်းချသောမြို့နယ်များမှာဧရာဝတီတိုင်းရှိ မြို့နယ်များမှ အများဆုံးဖြစ်ပြီး ရန် ကုန် တိုင်း မြို့နယ် အချို့မှလည်း တင် ပို့ ရောင်း ချ နေကြောင်း သိ ရသည်။ ငါးသလောက်များ အဝင်နည်း၍ တစ်ပိဿာလျှင် ကျပ်၁၀၀၀ဈေးရှိနေရာမှ ကျပ်၁၇၀၀အထိ ဈေးမြင့်သွားသည်။

ဝက်၊ ကြက်၊ ဆိတ်

ပုဇွန်တောင်ဈေး၌ ဝက်သားဈေးမှာ တစ်ပိဿာလျှင် ကျပ်၃၅၀၀၊ ၄၀၀၀၊ ၅၀၀၀ရှိရာ အဆီ၊ အသား၊ အရိုးပါဝင်မှုအပေါ် အခြေခံ၍ ဈေးနှုန်းကွာခြားမှုရှိသည်။

ကြက်သားဈေးမှာ ပုဇွန်တောင်ဈေးကွက်၌ တစ်ပိဿာလျှင် ကျပ်၄၀၀၀မှ ကျပ်၅၀၀၀ဈေးရှိပြီး အမဲသားဈေးမှာလည်း ကျပ်၄၅၀၀မှ ကျပ်၅၀၀၀ ဝန်းကျင်ဈေးရှိသည်။ ဆိတ်သားဈေးမှာ ကျပ်၇၀၀၀၊ ၇၅၀၀ ဈေးရှိသည်။

ငါးဈေးနှုန်းမှာ အများစားသုံးသည့် ငါးမြစ်ချင်းမှာ တစ်ပိဿာလျှင် ကျပ်၂၀၀၀ရှိပြီး ငါးဖယ်ခြစ်တစ်ဆယ်သား ကျပ်၅၀၀ဈေးရှိသည်။ ရေချို ပုဇွန်တုပ်ကြီးများတစ်ပိဿာလျှင် ကျပ်၈၀၀၀မှ ကျပ်၉၀၀၀အထိ ဈေးရှိသည်။ မွေးမြူရေး တီလားပီးယားငါးမှာ တစ်ပိဿာလျှင် ကျပ်၂၀၀၀ ရှိသည်။

ကြက်သွန်၊ ခရမ်းချဉ်

ပုဇွန်တောင်ဈေးမှ ကောက်ယူရရှိသည့်သတင်းအရ ကြက်သွန်နီတစ်ပိဿာလျှင် ဥအလတ် ကျပ်၄၀၀ရှိပြီး ဥအကြီး တစ်ပိဿာလျှင် ကျပ် ၉၀၀ ဝန်းကျင်ဈေးရှိသည်။ ကြက်သွန်ဖြူတစ်ပိဿာလျှင် ကျပ်၁၀၀၀ ဈေးရှိသည်။

သီရိမင်္ဂလာဈေးကြီးသို့ ခရမ်းသုံးခွမှ ခရမ်းချဉ်သီးများ လှိုင်လှိုင်ဝင်လာသည်။ ၁၅ပိဿာ သေတ္တာတစ်လုံးလျှင် ကျပ်၄၀၀၀ ဈေးရှိသည်။ တစ်ပိဿာဈေး အများဆုံး ကျပ်၃၀၀သာ ဈေးရှိသည်။

ကြည့်မြင်တိုင်မြို့နယ် ဗဟိုစံပြ ငါးဈေးကြီး၌ ဤသို့ ငါးများ ရောင်းကြ၊ ဝယ်ကြ။

ပုဇွန်တောင်ဈေးကြီးတွင် ကြက်ဥ တစ်လုံးလျှင် ကျပ် ၉၀၊ ၉၅ကျပ်၊ ကျပ်၁၀၀ အစားစားရှိသည်။ ဘဲဥဈေးမှာ ကျပ်၁၀၀၊ ၁၂၀ဈေးရှိသည်။

ကုန်စိမ်းဈေး

ကုန်စိမ်းဈေးမှာ သီရိမင်္ဂလာဈေးကြီး၌ နံနံပင်တစ်စည်းကျပ်၅၀၊ရုံးပတီသီး အတောင့်၃၀လျှင် ကျပ်၁၀၀၊ သခွားသီး သုံးလုံး ကျပ်၁၀၀၊ ဘူးသီးတစ်လုံး ကျပ် ၄၀၀၊ မရန်းသီး တစ်ဆယ်သား ကျပ် ၁၀၀၊ ဂေါ်ဖီထုပ်တစ်ထုပ် ကျပ်၁၅၀၊ ပန်းဂေါ်ဖီတစ်ပွင့် ကျပ်၁၅၀ အသီးသီး ဈေး ရှိနေသည်။

ဗားကရာဆိပ်ကမ်း

ယခုအခါ ကြည့်မြင်တိုင်မြို့နယ် ဗားကရာဆိပ်ကမ်းသို့ သီးမွှေးငှက်ပျောသီးများ လှိုင်လှိုင်ဝင်လာသည်။ ဧရာဝတီတိုင်း ကျုံပျော်မြို့နယ်မှ အဓိကဝင်ရောက်ခြင်းဖြစ်ပြီး တစ်ဖီးလျှင် ကျပ်၃၀၀မှ ကျပ်၇၀၀အထိ ဈေးရှိသည်။

ဖီးကြမ်း ငှက်ပျောဈေးမှာ လက်ကားဈေး ကျပ်၃၀၀မှ ကျပ်၆၀၀ဖြစ်သည်။ တစ်ဆင့် ပြန်ရောင်းသူများက ကျပ်၇၀၀၊၈၀၀ဖြင့် ရောင်းချနေသည်။

အုန်းသီးဈေးမှာ အခွံချွတ် တစ်လုံးလျှင် ကျပ်၂၂၀မှ၃၀၀ ဈေးရှိပြီး ဆွဲအုန်းမှာ ကျပ်၂၅၀မှ ၃၅၀ဈေးရှိသည်။

သစ်သီးဝလံ

သီရိမင်္ဂလာဈေးကြီး၌ စုံစမ်းသိရှိရသော သစ်သီးဝလံဈေးများမှာ အောင်ပန်း၊ ရပ်စောက်မြို့နယ်များမှ လိမ္မော်သီးများ ဆက်လက်ဝင်ရောက်

ဝါးတန်းဆိပ်ကမ်းသို့ ရောက်ရှိလာသော ဆန်အိတ်များ ဤသို့ သယ်ပိုး တင်ချကြသည်။

လျက်ရှိသည်။ သို့သော်လည်း လိမ္မော်သီးများ ရာသီကုန်ဆုံးချိန် ရောက်လာသဖြင့်ကားအဝင်နည်းသွားသည်။ပိဿာချိန် ၃၀ပါခြင်းတစ်လုံးလျှင် ကျပ် ၇၀၀၀ မှ ကျပ် ၈၀၀၀ ဈေးရှိသည်။ တရုတ်မှ ပန်းသီးများ အဝင်နည်းသွားသဖြင့် ပန်းသီးတစ်လုံးလျှင် ကျပ် ၃၀၀မှ ကျပ် ၃၅၀အထိ ဈေးပြန်မြောက်သွားသည်။

ရမည်းသင်းမှ ဝင်လာသော စပျစ်သီးများမှာ ပေါ်ဦးပေါ်ဖျားဖြစ်၍ ဈေးကောင်းနေသည်။ ကျောက်ဆည်မှ ရှားရှားပါးပါး ဝင်ရောက်လာသော သခွားမွှေးသီးမှာ တစ်လုံးလျှင် ကျပ် ၁၈၀၀အထိရှိ၍ ဈေးကောင်းနေသည်။

ယခုတလော အောင်ပန်းမှဝင်လာသော ထောပတ်သီးများ သီရိမင်္ဂလာဈေးတွင် လှိုင်လှိုင်ပေါ်လာသည်။ တစ်လုံးလျှင် ကျပ်၂၀၀မှ ကျပ်၃၀၀အထိ ဈေးရှိသည်။ ။ **(မြန်မာ့အလင်း)**

ကွန်ဗင်းရှင်းဗဟိုဌာနအဆောက်အအုံ ပန္နက်တင်မင်္ဂလာကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၆

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏အကူအညီဖြင့် တည်ဆောက်မည့် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန (Myanmar International Convention Center) (MICC) အဆောက်အအုံသစ် ပန္နက်တင်မင်္ဂလာ အခမ်းအနားကို ဖေဖော်ဝါရီ၁၅ရက် နံနက် ၇နာရီခွဲတွင် နေပြည်တော်ရှိ အဆိုပါအဆောက်အအုံတည်ဆောက်မည့် မင်္ဂလာ မဏ္ဍပ်၌ကျင်းပရာ ရှေးဦးစွာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကိုယ်စားလှယ်တစ်ဦးက မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာနနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ပန္နက်တင်

ထို့နောက် မင်္ဂလာအချိန်တွင် အမှတ်(၁) ပန္နက်တိုင်ကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းကလည်းကောင်း၊ အမှတ်(၂) ပန္နက်တိုင်ကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က လည်းကောင်း၊ အမှတ်(၃) ပန္နက်တိုင်ကို အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က လည်းကောင်း၊ အမှတ်(၄) ပန္နက်တိုင်ကို ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာကွမ်မုကလည်းကောင်း ပန္နက်တင်ပေးကြပြီး ပန္နက်တော်များကို အမွှေးနံ့သာများဖြင့် ပက်ဖျန်းပေးကြသည်။

နေပြည်တော်၌ တည်ဆောက်မည့် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာနအဆောက်အအုံကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ Anhui Foreign Economic Construction (Group) Co.,Ltd. (AFECC) က တည်ဆောက်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဗုဒ္ဓပူဇနီယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ရန်ကင်းမြို့နယ် (၅)ရပ်ကွက် ပညာဝတီရိပ်သာကျောင်းတိုက်အတွင်းရှိ ကုဏ္ဍာသယဆုတောင်းပြည့်စေတီတော်မြတ်ကြီးအား ဗုဒ္ဓပူဇနီယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ကျင်းပမည်ဖြစ်ရာ ဖေဖော်ဝါရီ ၂၀ရက် ညနေတွင် ဆွမ်းတော်ကြီးကပ်လှူပြီး ၂၁ ရက် ညနေ ၄ နာရီတွင် ဘုရားအမှူးရှိသော သံဃာတော် ၄၅ ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူမည်ဖြစ်သည်။ **(က-ပ)**

ရွှေတိဂုံစေတီတော် မြန်မာ့ရိုးရာ ထမနဲပွဲတော်ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ မြန်မာ့ရိုးရာထမနဲပွဲတော်ကို တပို့တွဲလပြည့်နေ့၌ ကျင်းပမည်ဖြစ်သည်။

ထမနဲပွဲတော်ကျင်းပရာ၌ တပို့တွဲလဆန်း ၁၄ရက်(ဖေဖော်ဝါရီ ၂၀ရက်) ညနေ၄နာရီတွင် ရွှေတိဂုံစေတီတော် ဘာသာရေးအသင်းအဖွဲ့များ၊ ဝန်ထမ်းများပါဝင်သော အသင်းအဖွဲ့၅၀တို့ဖြင့် ထမနဲထိုးပြိုင်ပွဲ ကျင်းပမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၂၁ရက်(တပို့တွဲလပြည့်နေ့)နံနက် ၅နာရီတွင် ရင်ပြင်တော်ရာဟုထောင့် ချမ်းသာကြီးတန်ဆောင်း၌ ထမနဲဆွမ်းတော်ကြီး ကပ်လှူခြင်း၊ ဩဝါဒပါတိမောက်ဒေသနာ ရွတ်ဆိုပူဇော်ခြင်း၊ နံနက်၆နာရီတွင် ဘုရားအမှူးပြုသော သံဃာတော် ၆၃ပါးတို့အား ထမနဲဆွမ်းတော်ကြီးလောင်းလှူခြင်း၊ နံနက်၇နာရီတွင် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေခြင်း စသည်ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ရဟန်းရှင်လူ ပြည်သူအများ ပါဝင်ကုသိုလ်ပြုနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဖေဖော်ဝါရီ၁၀ ရက်က လှိုင်သာယာမြို့နယ် စံပြ အမှတ် ၂၀ရပ်ကွက် ဓမ္မရက္ခိတ ဓမ္မာရုံ၌ ကျင်းပသော တတိယ အကြိမ် စကြာမုနိဆုတောင်းပြည့်စေတီတော်နှင့် ပထမအကြိမ် ဓမ္မစကြာရွတ်ဖတ်ပူဇော်ပြိုင်ပွဲတွင် ရပ်ကွက်သံဃနာယကဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တပညာဝံသ (သီရိမင်္ဂလာ အုန်းတောကျောင်း)ဆရာတော်ထံ ပရိသတ်များက ဩဝါဒခံယူစဉ်။ (က-ပ)

ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ ဝန်ထမ်းများအားတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၆

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေသည် ဖေဖော်ဝါရီ ၁၁ရက်က နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းများအား တွေ့ဆုံ၍ လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်းနှင့် တာဝန်ရှိသူများက ဝေးလံခေါင်သီဒေသများသို့ ကွင်းဆင်း၍ နိုင်ငံသားစိစစ်ရေးကတ်ပြားစိစစ်ထုတ်ပေးခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရေးအတွက် စီမံချက်ရေးဆွဲသွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးက တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။ **(သတင်းစဉ်)**

ဒဿနိကဗေဒ အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ဒဿနိကဗေဒ ကျောင်းသားကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲကို မတ်၁၅ရက်(စနေနေ့) နံနက်၉နာရီတွင် ရန်ကုန်မြို့ရှိ တက္ကသိုလ်များဓမ္မာရုံ၌ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုပါက တက္ကသိုလ်၊ ကောလိပ်များရှိ ဒဿနိကဗေဒဌာန ပါမောက္ခ၊ ဌာနမှူးများ၊ ဦးမြင့်ဆွေ ဖုန်း-၇၂၃၁၅၇၊ ဦးကြည်ဝင်း ဖုန်း-၀၉-၉၉-၂၃၈၂၀၊ ဦးဝဏ္ဏ ဖုန်း-၅၇၉၂၄၄၊ ဦးသန်းအောင် ဖုန်း-၇၂၃၇၂၄၊ ဦးခင်မောင်ချို ဖုန်း-၅၀၂၄၃၂၊ ဦးပိုင် ဖုန်း-၆၄၀၈၆၁၊ ဦးကျော်မြင့် ဖုန်း-၃၈၄၇၅၀နှင့်ဦးသက်ဟန် ဖုန်း-၂၄၁၁၅၁/၅၂ တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ **(က-ပ)**

ဘုရားဖူးယာဉ် ဘရိတ်ပေါက်ပြီးချောက်ထဲကျ လူနှစ်ဦးသေဆုံးပြီး ၂၃ဦးဒဏ်ရာပြင်းထန်

တောင်ငူ ဖေဖော်ဝါရီ ၁၆

စီးလုံးငှားဘုရားဖူးခရီးသည်တင်ယာဉ်တစ်စီး လမ်းဘေးရှိ ချောက်ထဲသို့ ထိုးကျတိမ်းမှောက်သွားရာမှ နှစ်ဦးသေဆုံးပြီး၂၃ဦး အပြင်းအထန်ဒဏ်ရာများ ရရှိသွားသည့် ဖြစ်ရပ်တစ်ခု ဇန်နဝါရီ၂၆ရက်က ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် သံတောင်မြို့ အဝင် တစ်မိုင်ခန့်အလိုတွင် ဖြစ်ပွားသည်။

ဖြစ်ပွားပုံမှာ ဇန်နဝါရီ ၂၆ရက် ညနေ ၅နာရီခွဲခန့်က တောင်ငူ-သံတောင် ရွှေခြင်္သေ့ မော်တော်ယာဉ်လိုင်းမှ ယာဉ်မောင်း မောင်ပြုံး(ဘ)ဦးဟန် အသက် (၄၁နှစ်)မောင်းနှင်ပြီး ယာဉ်နောက်လိုက် မောင်ဇော်လိုက်ပါသည့် တိုယိုတာ ဟိုင်းလတ်ယာဉ် အမှတ် ဏ/၇၅၁၂သည် ကရင်ပြည်နယ် သံတောင်မြို့မှစီးလုံးငှားဘုရားဖူးခရီးသည် ၃၀ကျော် တင်ဆောင်လျက် သံတောင်ကြီးမြို့ နော်ဘူဘောဆုတောင်းပြည့်တောင်တော်သို့ သွားရောက်ပြီးအပြန် တောင်အဆင်းခရီး သံတောင်မြို့အဝင် တစ်မိုင်ခန့်အလို မိုင်တိုင်အမှတ် ၁၄/၀ အရောက်တွင် ကားဘရိတ်ပေါက်ပြီး လမ်းဝဲဘက်ရှိ ချောက်ထဲသို့ ထိုးကျတိမ်းမှောက်ခဲ့ခြင်းဖြစ်သည်။

ယာဉ်တိမ်းမှောက်မှုကြောင့် သံတောင်မြို့နေ စောတီနာအို (ဘ) ဦးမောင်ဝင်း၊ အသက်(၄၈နှစ်)မှာ နေရာတွင်ပင် ပွဲချင်းပြီး သေဆုံးသွားကာ သံတောင်မြို့နေ ပဋ္ဌမတန်းကျောင်းသူ နော်ထီးနေမူး(ဘ)ဦးမူးသာ အသက်(၁၁နှစ်)မှာ တောင်ငူပြည်သူ့ဆေးရုံအရောက် သေဆုံးသွားသည်။ ကျန်ဘုရားဖူးခရီးသည်များ အနက် အမျိုးသားကိုးဦးနှင့် အမျိုးသမီး ၁၄ဦး စုစုပေါင်း ၂၃ ဦးတို့သည် ဒဏ်ရာများ ပြင်းထန်သဖြင့် တောင်ငူပြည်သူ့ဆေးရုံကြီးနှင့် သံတောင်ပြည်သူ့ဆေးရုံတို့တွင် အတွင်းလူနာများအဖြစ် တင်ပို့ကုသထားရသည်။

သေဆုံးကြသူများနှင့် ဒဏ်ရာရရှိကြသူများအတွက် ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ထောက်ပံ့ငွေကျပ် ၆၂၀၀၀၀ နှင့် သံတောင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် မော်တော်ယာဉ်အသင်းတို့မှ ထောက်ပံ့ငွေကျပ် ၁၀၀၀၀၀ စုစုပေါင်းငွေကျပ် ၇၂၀၀၀၀ အနက် သေဆုံးကြသူ နှစ်ဦးအတွက် ငွေကျပ်နှစ်သိန်းနှင့် ကျန်ငွေကို ထိခိုက်ဒဏ်ရာရရှိထားသူများအား ပေးအပ်ပြီး ဘားအံခရိုင်ဥက္ကဋ္ဌ ဦးစောမြတ်ထွဋ်ဝင်းနှင့် သံတောင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး စောရေဘတ်ထူးတို့က သေဆုံးသူများ၏မိဘများနှင့် ဆေးဝါးကုသမှုခံယူနေကြသူ လူနာများအား တွေ့ဆုံ အားပေးစကား ပြောကြားသည်။ **(အောက်ပုံ)**

အဆိုပါ ယာဉ်တိမ်းမှောက်မှုနှင့် ပတ်သက်၍ သံတောင်ပြည်သူ့ရဲစခန်းမှ ပုဒ်မ ၃၃၇/၃၃၈/၃၀၄(က)ဖြင့် အမှုဖွင့် အရေးယူထားသည်။ **(ဝ၄၇)**

မြန်မာ့အလင်း

မှုခင်း

သတင်းများ

ငါးခြောက်ဝယ်ရန်အသွား ဆိုင်ကယ်ပေါ်မှပြုတ်ကျသေဆုံး

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ကျိုက်လတ်မြို့မှ ဖျာပုံမြို့သို့ ငါးခြောက်ဝယ်ရန် ဆိုင်ကယ်အငှားယာဉ်နောက်မှလိုက်ပါလာသူ ဆိုင်ကယ်ပေါ်မှပြုတ်ကျ၍ သေဆုံးမှုတစ်ရပ် ကျိုက်လတ်နှင့် ဖျာပုံအကြား ကားလမ်းပေါ်တွင် ဖေဖော်ဝါရီ ၄ရက်က ဖြစ်ပွားခဲ့သည်။

ဖြစ်ပွားပုံမှာ ကျိုက်လတ်မြို့ ၄ရပ်ကွက် ခရစ်ယာန်ကျောင်းဝင်းနေ ဈေးရောင်းသူ မတင်ယုခိုင်(၂၈နှစ်)သည် ဖျာပုံမြို့သို့ ငါးခြောက်ဝယ်ရန်အတွက် ဖေဖော်ဝါရီ ၄ရက် မွန်းလွဲ၁နာရီခွဲခန့်က ဖျာပုံမြို့ ၁၅ရပ်ကွက် မြို့ပတ်၄လမ်းနေ ဆိုင်ကယ်အငှားလိုက်သူ သံချောင်း(ခ) ဝင်းမြင့်ဦး၏ ဆိုင်ကယ်ဖြင့် ကျိုက်လတ်မြို့မှဖျာပုံမြို့သို့ထွက်ခွာလာရာ ကျုံတာရှမ်းကွင်းကျေးရွာ အောင်ဘုံသာဘုရားအနီးတွင် ဆိုင်ကယ်နောက်မှလိုက်ပါလာသူ မတင်ယုခိုင်သည် ဆိုင်ကယ်ပေါ်မှပြုတ်ကျသဖြင့် ဒဏ်ရာများရရှိခဲ့၍ ကျိုက်လတ်မြို့ဆေးရုံသို့ တင်ပို့ကုသခဲ့ရာမှ မွန်းလွဲ၂နာရီ၌ ရရှိထားသော ဒဏ်ရာများကြောင့် သေဆုံးသွားသည်။

ဆိုင်ကယ်အား မဆင်မခြင်မောင်းနှင်မှုကြောင့် သံချောင်း(ခ)ဝင်းမြင့်ဦးအား ဖျာပုံရဲစခန်းက (ပ) ၂၂/ ၂၀၀၈၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၄(က)အရ အရေးယူထားသည်။ **(၁၃၈)**

မြို့ပတ်ရထားပေါ်မှ ခရီးသည်တစ်ဦး လိမ့်ကျသေဆုံး

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ရထားအမှတ် ဇ(၆) လက်ဝဲရစ် မင်္ဂလာဒုံမှ ရန်ကုန်သို့လာသော မြို့ပတ်ရထားပေါ်မှ ခရီးသည်တစ်ဦး လိမ့်ကျသေဆုံးခဲ့သည်။

ဖြစ်ပွားပုံမှာ ဖေဖော်ဝါရီ ၁၄ရက် နံနက် ၁၁ နာရီ ၁၃ မိနစ်က ရထားအမှတ် ဇ(၆)လက်ဝဲရစ် မင်္ဂလာဒုံမှ ရန်ကုန်သို့အလာ ရန်ကင်းမြို့နယ် ၁၃ ရပ်ကွက် မိုင်တိုင်အမှတ် ၄/၂၂ အောင်ဇေယျဂိတ်မြောင်းဘက်တွင် ခရီးသည် မောင်သက်ကို (၂၄နှစ်)(ဘ)ဦးဝင်းမိုး ရေကူးမီးရထားဝင်း ၈ရပ်ကွက် မရမ်းကုန်းမြို့နယ်နေသူသည် ရထားပေါ်မှလိမ့်ကျ၍ ရထားကြိတ်မိကာ ဦးခေါင်းကွဲ၊ ညာဘက်လက်ပြတ်၊ ညာခြေပြတ်၊ ဘယ်ရင်အုံပေါက်ပြဲ ဒဏ်ရာဖြင့် သေဆုံးသွားခြင်းဖြစ်သည်။ သေဆုံးသူအလောင်းအား ရထားရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့ဝင်များက မြောက်ဥက္ကလာပဆေးရုံကြီးသို့ သေမှုသေခင်း စစ်ဆေးနိုင်ရန် လွှဲပြောင်းပေးလိုက်သည်။ **(၁၇၀)**

ကမ္ဘာ့ ကျန်းမာရေးနေ့အထိမ်းအမှတ် ဝတ္ထု၊ ကဗျာ၊ ဆောင်းပါး၊ ကာတွန်းများ ရေးသားပေးပို့နိုင်

နေပြည်တော် ဖေဖော်ဝါရီ ၁၆

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးသည် ဧပြီ ၇ရက်ကို ကမ္ဘာ့ကျန်းမာရေးနေ့အဖြစ် သတ်မှတ်ကျင်းပမြဲဖြစ်ပြီး နှစ်စဉ်ဆောင်ပုဒ်တစ်ခုရွေးချယ်ကာ တစ်နှစ်တာအတွင်း ဦးစားပေးလုပ်ဆောင်ရန် ကမ္ဘာ့နိုင်ငံများအား နှိုးဆော်လေ့ရှိသည်။ ယခုနှစ်အတွက် ရွေးချယ်ထားသောဆောင်ပုဒ်မှာ Protecting Health from Climate Change ရာသီဥတုပြောင်းလဲမှု၊ ကျန်းမာရေးအတွက် သတိပြုဟူ၍ ဖြစ်သည်။

ပေးပို့နိုင်

အဆိုပါဆောင်ပုဒ်ကိုမှီ၍ ဝတ္ထု၊ ကဗျာ၊ ဆောင်းပါး၊ ကာတွန်းများ ရေးသားပြီး မတ်၁၀ရက် နောက်ဆုံးထား၍ ညွှန်ကြားရေးမှူး ကျန်းမာရေးပညာ၊ ကျန်းမာရေးဝန်ကြီးဌာန နေပြည်တော်သို့ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တတိယအကြိမ် ထွန်းဖောင်ဒေးရှင်းစာပေဆု ယှဉ်ပြိုင်ရန်ဖိတ်ခေါ်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

တတိယအကြိမ် ထွန်းဖောင်ဒေးရှင်း စာပေဆုများအတွက် ယှဉ်ပြိုင်လိုသော ၂၀၀၇ ခုနှစ် ထုတ်ဝေသည့် စာအုပ်များနှင့် ရက်စွဲအကန့်အသတ်မရှိ စာမူတို့ကို ၂၀၀၈ခုနှစ် စက်တင်ဘာ၃၀ရက် နောက်ဆုံးထား၍ ထွန်းဖောင်ဒေးရှင်း စာပေကော်မတီ အမှတ်၅၃/ ၆၁ သိမ်ဖြူလမ်းနှင့် ကမ်းနားလမ်းထောင့် ဗိုလ်တထောင်မြို့နယ် ရန်ကုန် ဖုန်း-၂၉၁၈၈၁သို့ ပေးပို့နိုင်သည်။

ရေးသားတင်သွင်း

အကျုံးဝင်သည့် ဘာသာရပ်များမှာ စီးပွားရေး၊ ကျန်းမာရေး ၊ သမိုင်း၊ ယဉ်ကျေးမှု၊ အတ္ထုပ္ပတ္တိ၊ ရှေးဟောင်းစာပေ၊ ရည်ညွှန်းစာပေ၊ ကလေးနှင့် လူငယ်ဆိုင်ရာတို့ဖြစ်ပြီး အင်္ဂလိပ်၊ မြန်မာ နှစ်သက်ရာဘာသာဖြင့် ရေးသားတင်သွင်းနိုင်သည်။

သီးခြားဘဏ်ပူဇော်ခချီးမြှင့်

ဆုရစာမူများအတွက် ထွန်းဖောင်ဒေးရှင်းစာပေကော်မတီမှ စာပေ စိစစ်ရေးဌာန၏ ခွင့်ပြုချက်ရယူလျက် စာအုပ်အဖြစ် သီးခြားဘဏ်ပူဇော်ခ ချီးမြှင့်ပြီး ထုတ်ဝေပေးမည် ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်နယ်အဆင့် သွေးလွန်တုပ်ကွေးကာကွယ်ရေး အသိပေးဆွေးနွေး တိုင်းမှူးပိုလ်ချုပ်သက်နိုင်ဝင်း တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဖေဖော်ဝါရီ ၁၆

မွန်ပြည်နယ် ပြည်နယ်အဆင့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး အသိပေးဆွေးနွေးတင်ပြခြင်းအခမ်းအနားကို ဇန်နဝါရီ ၂၇ရက် နံနက်၉နာရီက မော်လမြိုင်မြို့ မွန်ပြည်နယ်အထွေထွေရောဂါကုဆေးရုံကြီး အစည်းအဝေးခန်းမ၌ကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာတိုင်းမှူးက အမှာစကား ပြောကြားပြီး **(အပေါ်ပုံ)** ကျန်းမာရေး ဦးစီးဌာန ၄က်ဖျားနှင့်သွေးလွန်တုပ်ကွေးရောဂါ စီမံချက်မန်နေဂျာ ဒုတိယ ညွှန်ကြားရေးမှူး ဒေါက်တာသန်းဝင်းနှင့် တာဝန်ရှိသူများက ကမ္ဘာနှင့် မြန်မာနိုင်ငံ သွေးလွန်တုပ်ကွေးရောဂါ အခြေအနေများ၊ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြ ဆွေးနွေးသည်။

ထို့နောက် တိုင်းမှူးသည် မော်လမြိုင်မြို့ အထွေထွေရောဂါကုဆေးရုံကြီး ကလေးကုသဆောင်(တိုးချဲ့) ဆောက်လုပ်မည့်နေရာသို့ သွားရောက်၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း နှစ်ပတ်လည်အစည်းအဝေး နေပြည်တော်တွင် ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း နှစ်ပတ်လည် အစည်းအဝေး ကျင်းပရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယမန်နေ့ နံနက် ၁၀နာရီက ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ဇေကမ္ဘာရုံးချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ အသင်းဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် တက်ရောက်လာကြသော ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များက မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း နှစ်ပတ်လည်အစည်းအဝေးကို မတ်လမကုန်မီ နေပြည်တော်၌ ကျင်းပရေး၊ နှစ်ပတ်လည် အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲနှင့် ညစာစားပွဲကျင်းပရေး၊ ဟိုတယ်ဇုန် ၁၀ ဇုန်မှ ဂုဏ်ပြုထိုက်သူများ ဂုဏ်ပြုရေး၊ နိုင်ငံတကာအဆင့် ဆုရဟိုတယ်များ ဂုဏ်ပြုရေး၊ ရှင်၂၀၀၀အထိမ်းအမှတ် ဓာတ်ပုံ ပြိုင်ပွဲတွင် ဆုရသူများအား အဆိုပါ နှစ်ပတ်လည် အခမ်းအနား၌ ထိုက်ထိုက်တန်တန် ဂုဏ်ပြုဆုချီးမြှင့်ရေးတို့ကို စနစ်တကျ ဆောင်ရွက်ရန် ညှိနှိုင်းဆွေးနွေးဆုံးဖြတ်ပြီး မွန်းလွဲပိုင်းတွင် အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(က-ပ)**

အထက(၃) စမ်းချောင်း အာစရိယပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် အထက(၃)တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာကြီး ဆရာမကြီးများအား နဝမအကြိမ် အာစရိယပူဇော်ပွဲကို မတ်၂ရက်(တောင်သူလယ်သမားနေ့) နံနက်၉နာရီတွင်ကျင်းပမည်ဖြစ်သည်။ ဆရာကြီးဆရာမကြီးများ ကြွရောက်ကြပါရန်နှင့် ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန် ဖိတ်ကြားထားပြီး လှူဒါန်းလိုသူများသည် ဦးအေးသိန်း ဖုန်း-၀၉-၅၁-၀၈၀၈၇၊ ဦးခင်ဝင်း ဖုန်း-၀၉-၅၁-၃၈၂၃၃၊ ဦးကံသာ ဖုန်း-၅၀၁၄၂၅၊ ဦးသန်းထွန်းဦး ဖုန်း-၅၁၉၀၂၈၊ ဆရာရွှေဇီဝ ဖုန်း-၀၉-၅၁-၄၉၅၃၃၊ ဦးမင်းအောင်နိုင် ဖုန်း-၀၉-၉၉-၂၅၂၂၈၊ ဒေါ်ကြည်ကြည်ထွေး ဖုန်း-၀၉-၈၀-၂၁၃၂၆၊ ဦးနန်းအောင်ကြည် ဖုန်း- ၀၉-၅၁-၉၇၇၃၉၊ ဦးမျိုးသန့် ဖုန်း-၀၉-၈၀-၂၃၅၃၅နှင့် ဦးခင်မောင်ဝင်း ဖုန်း-၅၁၀၆၈၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် တိုင်းရင်းသားရေးရာလုပ်ငန်းအဖွဲ့ အသိပညာပေးဟောပြောပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် တိုင်းရင်းသားရေးရာလုပ်ငန်းအဖွဲ့က ကြီးမှူးကျင်းပသော အသိပညာပေး ဟောပြောပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၄ရက် နံနက်၉နာရီက ရန်ကုန်တိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၅၅)ရပ်ကွက် မြဝတီမင်းကြီးလမ်းရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် တိုင်းရင်းသားရေးရာလုပ်ငန်းအဖွဲ့ အဖွဲ့ခေါင်းဆောင် ဒေါ်ကျင်ခိုင်က အဖွင့်အမှာစကား ပြောကြားသည်။

ဟောပြော

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် တိုင်းရင်းသားရေးရာလုပ်ငန်းအဖွဲ့ အဖွဲ့ဝင် ပါမောက္ခဒေါ်တင်ရီက အသီးတစ်ရာ အညှာတစ်ခု မျိုးနွယ်စုများအကြောင်း ခေါင်းစဉ်ဖြင့် **(အောက်ပုံ)** လည်းကောင်း၊ အဖွဲ့ဝင် ပါမောက္ခ ဒေါက်တာ ဒေါ်လဘန်ခွန်က အမျိုးသမီးများ၏ခန္ဓာဗေဒ ဖွဲ့စည်းပုံနှင့် ဖြစ်လေ့ရှိသော ပြဿနာများ ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောကြသည်။

ကြည့်ရှုအားပေး

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိသူများသည် အဆင့်မြင့်အိမ်တွင်းမှုသင်တန်းသူများ၏ စက်ချုပ်ဘာသာရပ် လက်တွေ့ချုပ်လုပ်နေမှုများ၊ အဆင့်မြင့် အိမ်တွင်းမှုလက်မှုလုပ်ငန်း ကြိမ်/ဝါးသင်တန်းသူများ၏ ကြိမ်/ဝါး ဘာသာရပ် လက်တွေ့သင်ယူမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မူလသစ္စာဒီပကဝိပဿနာအဖွဲ့ချုပ် အထူးတရားစခန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ရန်ကုန်မြို့ မူလသစ္စာဒီပက ဝိပဿနာ အဖွဲ့ချုပ်၏ ကျေးဇူးရှင် ကမ္မဋ္ဌာနာစရိယ မူလဓမ္မာစရိယ ဆရာကြီး ဦးကြည်၏ ဥပနိဿယ မှုအတိုင်း သားတပည့်များဖြစ်ကြသော ဦးခင်မောင်ရီ၊ ဦးမောင်အုံး၊ ဦးသိန်းဆွေ(ရန်ကုန်)တို့က (၆၈)ကြိမ်မြောက် ဓမ္မာနုပဿနာ သတိပဋ္ဌာန် ခုနစ်ရက် အထူးတရားစခန်းကို ဖေဖော်ဝါရီ၂၁ ရက်မှ ၂၇ရက်အထိ တောင်ဥက္ကလာပမြို့နယ် (၁၂)ရပ်ကွက် မာဃဓမ္မာရုံတွင် ဖွင့်လှစ်မည်ဖြစ်သည်။

တရားစခန်းဝင်လိုသူများသည် ဖေဖော်ဝါရီ၂၀ရက် ညနေ၅နာရီ အရောက် လာကြရမည်ဖြစ်ပြီး အသေးစိတ်သိလိုပါက ဥက္ကဋ္ဌဦးမြသောင်းဖုန်း-၂၉၂၀၅၀၊ ဒုတိယဥက္ကဋ္ဌ ဦးညွှန့်လှိုင် ဖုန်း-၅၄၆၈၃၈၊ အတွင်းရေးမှူး ဦးမောင်မောင် ဖုန်း-၀၉-၉၉-၂၇၃၈၁ တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ **(က-ပ)**

ရန်ကုန်တိုင်း အလုံမြို့နယ် သစ်တောရပ် ကျွန်းရွှေဝါရိပ်သာနေ နှစ်ဖက်သော မိဘများအား ရည်စူး၍ ဦးတင်ဝ[လက်ထောက်အထွေထွေမန်နေဂျာ ဘဏ္ဍာရေး(ငြိမ်း)] မြန်မာ့သစ်လုပ်ငန်း- ဒေါ်ခင်သန်းနွယ် မိသားစုက ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအမှုဆောင်အဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ရန်ကုန်ဆရာအတတ်သင်သိပ္ပံ(ကံဘဲ့) ရန်ကင်းပညာရေးကောလိပ် သတ္တမအကြိမ် အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ရန်ကုန် ဆရာအတတ်သင် သိပ္ပံ(ကံဘဲ့) ရန်ကင်းပညာရေး ကောလိပ် ကျောင်းသား ကျောင်းသူဟောင်းများ၏ သတ္တမအကြိမ် အာစရိယပူဇော်ပွဲကို မေ ၁ရက် (ကြာသပတေးနေ့) နံနက် ၉နာရီတွင် အဆိုပါ ကောလိပ်၌ ကျင်းပမည်ဖြစ်ရာ သိပ္ပံဖွင့်လှစ်ခဲ့သည့် ၁၉၄၇ ခုနှစ်မှစ၍ ယနေ့အထိ တာဝန်ထမ်းဆောင်ခဲ့ကြသော အသက်(၆၀)ပြည့် အငြိမ်းစားဆရာကြီး ဆရာမကြီးများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အပူဇော်ခံကြွရောက်ပါရန်နှင့် ကျောင်းသား ကျောင်းသူဟောင်းများ (ပညာရေးကောလိပ် သင်တန်းဆင်းများအပါအဝင်)သည် ဦးနု ဖုန်း-၆၃၈၃၅၅၊ ဦးသာအောင်ကျော် ဖုန်း-၃၉၆၃၁၂၊ ဦးမဲအောင် ဖုန်း-၀၉-၅၁-၄၉၇၉၄၊ ဦးလှထွန်း ဖုန်း-၅၄၈၉၇၉၊ ဦးအောင်ချိန် ဖုန်း- ၀၂-၆၄၆၁၄၊ ဦးအေးလွင် ဖုန်း-၂၁၂၉၆၉/၄၀၁၊ ဒေါ်အေးအေးစိုး ဖုန်း- ၀၆၇-၄၀၇၃၉၅၊ ဦးရန်နောင် ဖုန်း-၆၄၄၀၉၈၊ ဒေါ်ယဉ်ယဉ်နွဲ့ ဖုန်း-၅၆၁၅၆၅၊ ဦးသိန်းလွင် ဖုန်း-၅၅၅၈၉၆၊ ဦးကြည်ဝင်း ဖုန်း-၇၂၀၂၆၉၊ ဦးကျော်တင့် ဖုန်း-၅၇၁၃၄၀၊ ဦးစိုးတင့် ဖုန်း-၃၈၉၆၄၇ နှင့် ဦးကျော်ဒွေးတို့သို့ လည်းကောင်း၊ သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းပညာနှင့် ဦးစီးဌာနများမှတစ်ဆင့်လည်းကောင်း၊ ဧပြီ၂၅ရက်(သောကြာနေ့) နောက်ဆုံးထား၍ အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်သွယ်ပေးပို့ လှူဒါန်းနိုင်ကြကြောင်း သိရသည်။ **(က-ပ)**

တောင်ဥက္ကလာပမြို့နယ် (၁၄)ရပ်ကွက် ဟသ်ာလမ်း အောင်မြေဗိမာန် စာသင်တိုက် ဆရာတော် ဒေါက်တာ အရှင်အာဒိစ္စဝံသမွေးနေ့မင်္ဂလာနှင့် ဓမ္မဗိမာန်လေးထပ်ဆောင်ဆောက်လုပ်ရန် အလှူငွေပေးအပ်ပွဲကို ဇန်နဝါရီ ၁၃ ရက်က ကျင်းပရာ စုစုပေါင်းငွေကျပ် ၂၅သိန်းရရှိပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ကျောင်းဖြစ်မြောက်ရေးဥက္ကဋ္ဌ ဦးမြင့်လွင်က ပေးအပ်ရာ အလှူရှင်များကိုယ်စား ကျောင်းဖြစ်မြောက်ရေးအဖွဲ့ ဗိုလ်ကြီးဝင်းသန့် လက်ခံယူစဉ်။ (က-ပ)

ယင်းမာပင်၌ အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်

ယင်းမာပင် ဖေဖော်ဝါရီ ၄

မုံရွာခရိုင် ယင်းမာပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဦးစီးကျင်းပသော ဒုတိယအကြိမ် အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၂ရက် မွန်းလွဲ ၂နာရီက မဟာဇေတဝနာရာမ ပရိယတ္တိစာသင်တိုက် ရွှေစေတီဘုရားရင်ပြင် ခဏ္ဍာသိမ်အတွင်း၌ ကျင်းပသည်။

ဖွင့်လှစ်

ရှေးဦးစွာ နမောတဿသုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ဖွင့်လှစ်လိုက်ပြီး ဆရာတော် ဦးဝေပုလ္လက ဘုရားပင့်ဂါထာ ရွတ်ဆိုသည်။ အခမ်းအနားသို့ တက်ရောက်လာကြသူများက မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဦးဥတ္တမထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ကံသာဆရာတော် ဦးပညာဝံသက သြဝါဒကထာ မြွက်ကြားသည်။

ထို့နောက် သံဃာတော်များက ပစ္စယုဒ္ဒေသသံပြိုင်ရွတ်ဆိုကြပြီး ဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းကာ အလှည့်ကျဆရာတော်များက ပဋ္ဌာန်းဒေသနာတော်များဖြင့် ဇန်နဝါရီ ၂၂ ရက်မှ ၃၀ ရက်အထိကိုးရက်တိုင် ရွတ်ဖတ်ပူဇော်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဓမ္မစေတီလမ်း မိုးညှင်းဝိပဿနာတိုက်သစ်အတွင်း တည်ဆောက်လျက်ရှိသော ရွှေရတုစိန်တိုးကျောင်းဆောင်တော်ကြီးအတွက် အမှတ် ၁၆၄၊ ၇ လွှာ(B)၊ လမ်း၅၀၊ ပုဇွန်တောင်မြို့နယ်နေ မိခင်ကြီး ဒေါ်ဟန်ကြည် ခုနစ်နှစ်ပြည့်နှင့် ဖခင်ဦးမြင့်စိုး၊ အစ်ကို ကိုသိန်းဟန်၊ ကိုစိုးဟန်၊ ကိုကြည်ငွေ၊ ကိုမြင့်ငွေတို့အားရည်စူး၍ ဒေါ်ဥမ္မာစိုး၊ သမီး မေသူစိုး၊ သားအောင်ကျော်ထင်ကို မိသားစုက အလှူငွေကျပ်တစ်သိန်းကို ဘဏ္ဍာရေးမှူး ဦးကျော်ငွေထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ကြက်ငှက်တုပ်ကွေး ကာကွယ်ထိန်းချုပ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေလေ့လာရေး ဆင့်ပွားသင်တန်းဖွင့်

ကန့်ဘလူ ဇန်နဝါရီ ၃၀

ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် ရောဂါစူးစမ်း ရှာဖွေလေ့လာရေး ဆင့်ပွားသင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၁၄ ရက် နံနက်၉နာရီက ကန့်ဘလူမြို့ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ရုံးခန်းမ၌ ကျင်းပသည်။

ရည်ရွယ်ချက်

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးတင်မျိုးအောင်က အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်ဦးစီးမှူး ဒေါက်တာမောင်မောင်က ကြက်ငှက်တုပ်ကွေးရောဂါအကြောင်း ပြည်သူများ ပိုမိုသိရှိနားလည်စေရန်နှင့် ရောဂါ ဖြစ်ပွားပါက ဆောလျင်စွာ သတင်းရရှိရန်နှင့် ရောဂါထိန်းချုပ်မှု လျင်မြန်စွာဆောင်ရွက်နိုင်ရန် သင်တန်းဖွင့်လှစ်ပို့ချရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းဆွေးနွေးသည်။

ပို့ချ

ထို့နောက် သင်တန်းဆက်လက်ပို့ချရာ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားခြင်း အခြေခံအကြောင်းတရားများ၊ ရောဂါလက္ခဏာနှင့် ရောဂါရှာဖွေမှုနည်းလမ်းများ၊ ရောဂါနမူနာပစ္စည်းပေးပို့ရယူနည်းစနစ်၊ လူသို့ မကူးစက်စေရန် ကာကွယ်နည်း ကြက်ခြံများ ပိုးမွှားသန့်စင်ခြင်းနှင့် သုတ်သင်ရှင်းလင်းခြင်း၊ဇီဝလုံခြုံမှုဆိုင်ရာမြင့်တင်ခြင်းလုပ်ငန်းနှင့် ပုံမှန်မဟုတ်သောသေဆုံးမှု ဖြစ်ပွားလျှင် သတင်းပို့နည်းတို့ကို ခရိုင်ဦးစီးမှူး ဒေါက်တာ မောင်မောင်နှင့် မြို့နယ်ဒုတိယဦးစီးမှူး ဒေါက်တာကျော်ဝင်းတို့က လက်တွေ့သရုပ်ပြပို့ချကြောင်း သိရသည်။ **(၀၂၇)**

မြို့နယ် သတင်းများ

ရန်ကင်းမြို့နယ် ပြည်သာယာ (တာမွေလေးသံလမ်းအနီး) ရွှေပြည်ဟိန်း ကုသိုလ်ဖြစ် ဆေးခန်းအတွက် ဆေးခန်းသုံးပစ္စည်းများနှင့် အလှူငွေကျပ် ၆၀၀၀၀ ကို စမ်းချောင်းမြို့နယ် မဟာမြိုင်လမ်းနေ ရုပ်ရှင်သရုပ်ဆောင် အရိုင်း-မဥမ္မာမိသားစုက ဒုတိယဗိုလ်မှူးကြီးတင်လှအား ရည်စူး၍ ရွှေပြည်ဟိန်းဆရာတော် အရှင်ခေမာ သိရီလင်္ကာရထံ ရေစက်ချလှူဒါန်းစဉ်။ (၁၁၇)

ရန်ကုန်တိုင်း ရွှေပြည်သာ မြို့နယ် ရန်ကြီးအောင်ကျောင်း ဓမ္မရတိ သိမ်တော်ကြီး ဆောက်လုပ်ရန်အတွက် မိဘနှစ်ပါးနှင့် ညီအစ်ကို မောင်နှမများအား ရည်စူး၍ အမှတ် ၃၃ ဗဟိုရုံ ဗိုလ်ချုပ်အောင်ဆန်းဈေး Lucky One Brother မှ ဦးမောင်လှ-ဒေါ်နုနုဆွေ၊ သားမောင်အောင်မျိုးသန့်၊ သမီး မချမ်းငြိမ်းသူတို့က မတည်အလှူငွေကျပ်သိန်း၅၀ကို ဆရာတော် ဦးဓမ္မသာမိထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်(ပေါင်းတည်)၌ဖွင့်

ပေါင်းတည် ဖေဖော်ဝါရီ ၁၂

အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော် (ပေါင်းတည်)ဖွင့်ပွဲကို ဖေဖော်ဝါရီ ၈ရက် နံနက် ၈နာရီက ပဲခူးတိုင်း(အနောက်ပိုင်း)ပေါင်းတည်မြို့ ဘုရားကြီးလမ်း သကျမုနိ မိုလ်းကောင်းဘုရားကြီးအနီးရှိ ပွဲတော်မုခ်ဦးရှေ့၌ ကျင်းပရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်နှင့် အမှတ်(၁) စက်မှုဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးဝင်းနောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ဖွင့်ပွဲသို့ တိုင်း၊ ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရွှေတောင် အဆင့်မြင့်ချည်မျှင်၊ အထည်နှင့်အချောကိုင်စက်ရုံ စက်ရုံမှူး ဦးဇော်ဝင်းမောင်နှင့် ဌာနကြီးမှူးများ၊ မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုလွင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် ပြည်သူများ တက်ရောက်ကြသည်။

ဖွင့်လှစ်ရောင်းချ

အဆိုပါ ပွဲတော်တွင် အမှတ်(၁)စက်မှုဝန်ကြီးဌာန လက်အောက်ရှိ စက်မှုလုပ်ငန်းခြောက်ခုမှ ထုတ်လုပ်သော အထည်အလိပ်နှင့် လူသုံးကုန်ပစ္စည်းမျိုးစုံကို ဖေဖော်ဝါရီ၈ ရက်မှ ၁၇ ရက်အထိ အထူးဈေးနှုန်းဖြင့် လက်လီလက်ကား ဖွင့်လှစ်ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။ **(၀၆၄)**

ဖြူး ဖေဖော်ဝါရီ ၆

ဖြူးမြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ နှစ်ပတ်လည်လုပ်ငန်းဆိုင်ရာစည်းဝေး

ပဲခူးတိုင်း ဖြူးမြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ ၁၃၆၉ခုနှစ် စာဆိုတော်နေ့အထိမ်းအမှတ် အခမ်းအနားနှင့် ဒုတိယအကြိမ် လုပ်ငန်းဆိုင်ရာ နှစ်ပတ်လည် အစည်းအဝေးကို ဇန်နဝါရီ ၂၇ရက် မွန်းလွဲ ၁နာရီက မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌဦးမြင့်ဦး (ဖြူးမြင့်ဦး)နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဆွေမြင့်တို့က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ (ဗဟို)ဥက္ကဋ္ဌဦးလှမြိုင် (ကိုဆောင်း)ထံမှ ပေးပို့သောသဝဏ်လွှာကို အဖွဲ့အတွင်းရေးမှူး ဦးမြင့်စိုး (မောင်မိုင်းညို-ချောင်းဦး)က ဖတ်ကြားသည်။ ထို့နောက် ၂၀၀၆-၂၀၀၇ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ၌ တစ်မြို့နယ်လုံးတစ်ဦးတည်း မြန်မာစာဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သူ ဖြူးမြို့နယ် ညောင်ပင်သာ အထကမှ မသိမ့်သဇင်ဝင်းအား မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့က ငွေကျပ်တစ်သောင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဆွေမြင့်က ငွေကျပ်ငါးထောင်၊ အဖွဲ့ဝင် (၁)မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးစိုးသိမ်းက ငွေကျပ်ငါးထောင် စုစုပေါင်း ငွေကျပ်နှစ်သောင်းနှင့် ဂုဏ်ပြုမှတ်တမ်းကို မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဦး **(ဝဲပုံ)**က မသိမ့်သဇင်ဝင်းကိုယ်စား မြန်မာစာပြဆရာမဒေါ်သန်းသန်းဆင့်အား ပေးအပ်သည်။

ဖတ်ကြားတင်ပြ

ဆက်လက်၍ မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယအကြိမ်လုပ်ငန်းဆိုင်ရာ နှစ်ပတ်လည် အစည်းအဝေးကျင်းပရာ အလုပ်အမှုဆောင်အစီရင်ခံစာကို မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဦးမြင့်စိုးကလည်းကောင်း၊ ငွေစာရင်းရှင်းတမ်းကို ဘဏ္ဍာရေးမှူး ဦးကျော်ဆွေဝင်း (ကျော်ဆွေဝင်း-ရွှေအင်း)ကလည်းကောင်း ဖတ်ကြားတင်ပြကြသည်။ **(၀၅၁)**

နောင်တရား၌ ခတ္တာကျောက်ချောလမ်းသစ်ဖွင့်

နောင်တရား ဇန်နဝါရီ ၂၅

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ် (တောင်ပိုင်း) နောင်တရားမြို့အမှတ်(၁)ရပ်ကွက်နှင့် အမှတ်(၂)ရပ်ကွက်ကို ဆက်သွယ်ထားသောခတ္တာကျောက်ချောလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၄ ရက် နံနက်၁၀နာရီက အဆိုပါလမ်းထိပ်၌ ကျင်းပရာ မြို့အုပ်ချုပ်ရေးမှူး ဦးညီညီအောင်၊ ပင်လောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်စိုးနှင့် နောင်တရားမြို့ ဦးစီးမှူး ဦးစိုင်းရန်နိုင်ဦး တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ခတ္တာလမ်းသည် အမှတ်(၂)ရပ်ကွက် ပြည်ထောင်စုလမ်းမကြီးမှ နောင်တရားမြို့ ရတနာရန်နိုင် ဘုရားလမ်းအထိ ပေပေါင်း ၄၆၅၀ ရှိသည့်အနက် ပထမအသုတ်အဖြစ် ပေ ၁၁၀၀၊ လမ်းအကျယ်၁၂ပေကို ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ကုန်ကျငွေမှာ ၃၄ ဒသမ ၅ သိန်းကျော် ဖြစ်ကြောင်း သိရသည်။ **(၃၆၉)**

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် တခလ/၈၅၇၀ အမျိုးအမည် (HONDA-WAVE) NF-100 M ၏ပိုင်ရှင် ဦးစိုင်းနွံမိုင်း ၁၃/ကတန(နိုင်)၀၈၄၈၆၀က (ကမ-၃) မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (တာချီလိတ်)။

Sunflower Gallery မှ စီစဉ်သော ဦးမောင်မောင်သိမ်းနှင့် ဆရာမချောအိသိမ်း နွေရာသီပန်းချီသင်တန်း (မတ်၊ ဧပြီ၊ မေ) မတ်လ ဒုတိယပတ်စမည်

သင်တန်း(၁) - Sunflower Gallery
အမှတ်(၄၆)-အောင်မင်းခေါင်(၁)လမ်း၊ သံလွင်လမ်း ဝင်ဒါမီယာ၊ ကမာရွတ်

(၂) - U Maung Maung Thein Evening Art Class
အမှတ်(၅၄)-ပထမထပ်(ညာ) ရှမ်းကုန်းလမ်း မြေနီကုန်း၊ စမ်းချောင်း

စုံစမ်းရန်ဖုန်း- Off: 534271, Res: 660375, 09-51-34112။

အမည်ပြောင်း

အဖ ဦးပြည့်ဖြိုးမောင်၏သမီး အထက(၂) ဗိုလ်တထောင် သူငယ်တန်း(C)မှ မလဝန်းငယ်အား မဆုလဝန်းဟုပြောင်းလဲခေါ်ပါရန်။

မဆုလဝန်း။

အများသိရှိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့ ဗဟန်းမြို့နယ် အနောက်ရွှေဂုံတိုင်ရပ် ဓမ္မစေတီလမ်း အမှတ် ၁၈၀နေ ဦးဇော်နိုင်မိုး ၅/မရန(နိုင်)၀၀၃၂၇၉ သည် လှိုင်မြို့နယ် မြေတိုင်းရပ်ကွက်အမှတ်(၁၉)၊ မြေကွက် အမှတ်-၄/ဗ(၁၁) ဧရိယာ ၀ ဒသမ ၀၆၉ ဧကရှိ မြေပိုင်မြေနှင့် ယင်းမြေပေါ်ရှိ လှိုင်မြို့နယ် ၁၃ ရပ်ကွက်၊ အောင်ဘောဂလမ်းသွယ် ၁လမ်း၊ အမှတ် ၁၉ဘီဟုခေါ်တွင်သော နှစ်ထပ်တိုက် အဆောက်အအုံနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်ပိုင်ဆိုင်သူဖြစ်ပါသည်။

အဆိုပါ မြေ၊အိမ် အကျိုးခံစားခွင့်တို့ကို ဦးဇော်နိုင်မိုး၏ စာဖြင့်သဘောတူခွင့်ပြုချက်မရှိဘဲ ရောင်းဝယ်ခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ အာမခံခြင်း၊ အခမဲ့ထားရှိသုံးစွဲခြင်းတို့ အပါအဝင် အခြားနည်းလွှဲပြောင်းခြင်းစသည်တို့ကို မပြုလုပ်ကြစေရန် အသိပေးတားမြစ်ပါသည်။ လိုက်နာခြင်းမရှိဘဲ ဆန့်ကျင်ဆောင်ရွက်သူ မည်သူမဆို သက်ဆိုင်ရာဥပဒေကြောင်းအရ တရားစွဲဆိုအရေးယူခြင်းကို ခံရလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဇော်နိုင်မိုး၏
လွှဲအပ်ညွှန်ကြားချက်အရ-
ဦးခင်မောင်တင့် B.A (Law), LL.B
တရားရုံးချုပ်ရှေ့နေ
အမှတ် ၄၀၄၊ S.H II ဣန္ဒြိတံအိမ်ရာ၊
ဝေဇယန္တာလမ်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း- ၅၇၃၈၄၃၊ ၀၉-၅၃-၀၁၇၇၆။

Second Hand

Aircon ရေခဲသေတ္တာ၊ အဝတ်လျှော်စက် ဝယ်လိုသည်။

ဖုန်း- ၅၀၅၃၄၂။

ရောင်းရန်

၅၅လမ်း(အောက်)ဗိုလ်တထောင်မြို့နယ်ရှိ မြေညီထပ်အခန်း (၂၅ x ၈၀ x ၁၆)ပေ အမြန်ရောင်းမည်။

ပွဲစားမလို-
စုံစမ်းရန် ဖုန်း-၀၉- ၅၁-၇၆၉၈၃။

အေးငြိမ်းသီတာ

တိုင်းရင်းဆေးစွမ်းကောင်းများ

- * အကြောအားတိုးဆေးပြား/ဆေးတောင့်
- * အဆီကျဆေး၊ သလိပ်ကြေဆေး
- * အကိုက်အခဲပျောက်အဖျားဖြတ်ဆေး
- * အစာကြေရင်ချောင်ဆေး
- * အထက်လှန်အောက်လျှောသောက်ဆေး။

နှစ်ဦးသဘောတူ တရားဝင်ကွာရှင်းပြီးစီးခြင်း

ကျွန်ုပ်၏မိတ်ဆွေ မမိုးမိုးဝင်း(ခ)မစန်းစန်းဝင်း မှတ်ပုံတင်အမှတ် ၉/မထလ(နိုင်)၀၀၁၇၀၇ နှင့် ကိုဖြိုး(ခ)ကိုအောင်ဖြိုးကျော် မှတ်ပုံတင်အမှတ် ၉/မထလ(နိုင်)၀၄၄၉၀၀တို့သည် စိတ်သဘောထားခြင်း မတိုက်ဆိုင်သဖြင့် ၃၁-၁-၂၀၀၈ရက်တွင် မိတ္ထီလာမြို့ တွဲဖက်မြို့နယ်တရားသူကြီး ဒေါ်ခင်လှလှမြင့်၏ ရှေ့မှောက်၌ တရားရုံးမှတ်ပုံတင်အမှတ် ၄၃/၂၀၀၈အရ နှစ်ဦးသဘောတူ တရားဝင်ကွာရှင်းပြီးစီးကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ခင်သန်းနွဲ့ B.A(Law), LL.B
အမှတ်စဉ်-၁၁၈၃
တရားရုံးချုပ်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်
မင်းရပ်၊ မိတ္ထီလာမြို့၊
ဖုန်း-၀၆၄-၂၁၆၅၈။

ယာယီဆိုင်းဘုတ်နှင့် ကြော်ငြာဆိုင်းဘုတ်ကြီး (Bill Board) စိုက်ထူထားရှိပြီးသည့်နေရာများ လေလံတင်အငှားချထားမည်

၁။ ရန်ကုန်မြို့တော်နယ်နိမိတ်အတွင်း၌ စိုက်ထူထားရှိပြီးသည့် ယာယီကြော်ငြာဆိုင်းဘုတ်များ၊ ကြော်ငြာဆိုင်းဘုတ်ကြီး (Bill Board)များအား ၂၂-၂-၂၀၀၈ရက်(သောကြာနေ့) နံနက်(၀၉:၃၀)နာရီတွင် မြို့တော်ခန်းမ၌ ဈေးပြိုင်စနစ်ဖြင့် လေလံတင်အငှားချထားမည်ဖြစ်ပါသည်။

၂။ လေလံစည်းကမ်းချက်နှင့် လျှောက်လွှာပုံစံအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့တော်ခန်းမအနီး ဆယ်ထပ်ရုံးရှိ အင်ဂျင်နီယာဌာန(အဆောက်အအုံ)သို့ ရုံးချိန်အတွင်း ဝယ်ယူလျှောက်ထားနိုင်ပါသည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အင်ဂျင်နီယာဌာန(အဆောက်အအုံ) ဖုန်း-၀၁-၂၄၉၅၂၅၊ ၀၁-၃၇၄၀၁၁တို့သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

သားအဖြစ်မှ စွန့်လွှတ်ခြင်း

အမှတ်၂၃၉ ရွာမအနောက်(KN)ရေခဲစက်လမ်း အင်းစိန်မြို့နယ် ရန်ကုန်တိုင်းနေ ကျွန်တော်၏ သားဖြစ်သူ မောင်ကျော်သူ(ခ)စိုးထိုက်ကျော် ၁၂/အစန(နိုင်)၂၁၄၇၄၈ သည် မိဘများ၏ ဆိုဆုံးမမှုကို မနာခံဘဲ မိဘများစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် ၁၃-၂-၂၀၀၈ ရက်မှစ၍ သားအဖြစ်မှ စွန့်လွှတ်လိုက်သည်။

ဦးကိုဝင်း(ခ)ဦးဝင်းတင်
၁၂/အစန(နိုင်)၀၈၆၆၂၃။

ရောင်းရန်

ရန်ကုန်တိုင်းမြို့နယ်စုံမှ အဆင့်မြင့်ပြင်ဆင်ပြီး လုံးချင်းတိုက်များ၊ တိုက်ခန်းကျယ်နှင့် မြေကွက်များ ရောင်းရန်ရှိပါသည်။

ဆက်သွယ်ရန် ဖုန်း - ၅၁၁၅၆၉
၀၉-၈၀-၂၄၃၈၈
၀၉-၅၁-၄၄၃၄၂
၀၉-၅၁-၈၆၈၈၁။

ငွေချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀) ရှမ်းပြည်နယ်(မြောက်ပိုင်း)နယ်တရားမရုံး၌ ၂၀၀၇ခုနှစ် တရားမအထွေထွေအမှုအမှတ်-၆

ဦးမောင်အုန်း **နှင့်** ၁။ ဦးဝင်းမြင့်
၂။ ဒေါ်ရွှေရီ
၃။ စိုင်းသန်းဦး } သားအမိ

တရားလို **တရားခံများ**

ကျောက်မဲမြို့ (၈)ရပ်ကွက် ထုံးဖိုရပ် အမှတ်(၈/၂၉၆)နေ (ယခုနေရပ်လိပ်စာမသိ)ဒေါ်ရွှေရီနှင့် စိုင်းသန်းဦးတို့ သိစေရမည်။

သင့်အပေါ်၌ ဦးမောင်အုန်းက တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၅၈အရ ဝရမ်းခွာပေးရန်လျှောက်ထားကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၈ခုနှစ် မတ် ၃ရက် (၁၃၆၉ခုနှစ် တပို့တွဲလပြည့်ကျော် ၁၁ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၀၈ခုနှစ် ဖေဖော်ဝါရီ ၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ဌေးလှ (တ/၁၃၂၂)
ပြည်နယ်တရားသူကြီး
ရှမ်းပြည်နယ်(မြောက်ပိုင်း)တရားရုံး၊ လားရှိုးမြို့။

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆) မိတ္ထီလာခရိုင်တရားရုံး ၂၀၀၇ ခုနှစ် တရားမဇာရီမှုအမှတ်-၁၂၂

မြန်မာ့စီးပွားရေးဘဏ် မိတ္ထီလာမြို့။ **နှင့်** ၁။ ဦးစန်းလွင် ၂။ ဒေါ်သင်းသင်းထွန်း

တရားနိုင် **တရားရှုံးများ**

၂၀၀၁ ခုနှစ် တရားမကြီးမှုအမှတ်-၁၇၈ တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၈ ခုနှစ် မတ် ၂၄ ရက် (မြန်မာသက္ကရာဇ် ၁၃၆၉ ခုနှစ် တပေါင်းလပြည့်ကျော် ၃ ရက်) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

မိတ္ထီလာမြို့ ပြည်သာယာရပ်ကွက်ရှိ အကွက်အမှတ်(ဂ/ပြည်သာယာ) ဦးပိုင်အမှတ်(၈၇)၊ မြေကွက်အမှတ် (၈၇)၊ ဧရိယာ ၀ ဒသမ ၁၄၂ဧကရှိမြေနှင့် ယင်းမြေပေါ်ရှိ တစ်ထပ်တိုက်တွဲလျက် မီးဖိုချောင်။

မိတ္ထီလာမြို့ ပြည်သာယာရပ်ကွက်ရှိ အကွက်အမှတ် (က/ပြည်သာယာ) ဦးပိုင်အမှတ်(၁၂၁)၊ မြေကွက်အမှတ်(၁၂၁)၊ ဧရိယာ ၀ဒသမ၁၄၂ဧကရှိမြေနှင့် ယင်းမြေပေါ်ရှိ တစ်ထပ်တိုက်။

လေလံကြမ်းခင်းဈေး ကျပ်၈၅သိန်း။

ရောင်းချရန်စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၈ခုနှစ် ဖေဖော်ဝါရီ ၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ပေးလိုက်သည်။

ခင်စန်းမြင့်
ဒုတိယခရိုင်တရားသူကြီး(၂)
မိတ္ထီလာခရိုင်တရားရုံး။

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်းလက်အောက်ရှိ ပလတ်စတစ်စက်ရုံအမှတ်(၂)နှင့် ပလတ်စတစ်စက်ရုံ (ကျောက်ဆည်)တို့အတွက် အောက်ဖော်ပြပါ Mould လေးမျိုးစီအား မြန်မာကျပ်ငွေ (သို့မဟုတ်) နိုင်ငံခြားငွေဖြင့် ဝယ်ယူလိုကြောင်း ကြော်ငြာအပ်ပါသည်။

ပြည်တွင်းအဝယ်ဈေးနှုန်းအဆိုပြုလွှာ (၂၀၀၇-၂၀၀၈)

တင်ဒါပေးသွင်းရက် - ၂၀-၂-၂၀၀၈ ရက်
တင်ဒါပိတ်ရက် - ၂၇-၂-၂၀၀၈ ရက်

စက်ရုံအမည်	ပစ္စည်းအမည်	ရေတွက်ပုံ	အရေအတွက်
ပလတ်စတစ်စက်ရုံ အမှတ်(၂)	$^{1}/_{2}$ Oz, 1 Oz, 3 Oz, 4 Oz Mould for SMC High Speed Blow Moulding M/C	Set	4 Sets
ပလတ်စတစ်စက်ရုံ (ကျောက်ဆည်)	$^{1}/_{2}$ Oz, 1 Oz, 3 Oz, 4 Oz Mould for Plastic Injection Blow Hollow Moulding M/C	Set	4 Sets

၂။ ချိပ်ပိတ်တင်ဒါပေးသွင်းမှုကို အမှတ်(၁)စက်မှုဝန်ကြီးဌာန စက်မှုညွှန်ကြားရေးဦးစီးဌာန နေပြည်တော်သို့ ၂၈-၂-၂၀၀၈ ရက် (၁၆:၀၀)နာရီတွင် နောက်ဆုံးပေးသွင်းရမည်ဖြစ်ပါသည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ၁၉-၂-၂၀၀၈ ရက်မှစတင်၍ အောက်ဖော်ပြပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

- **အမှတ်(၁)စက်မှုဝန်ကြီးဌာန**
  မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း
  စီမံကိန်းဌာန
  နေပြည်တော်- ဖုန်းနံပါတ်- ၀၆၇-၄၀၈၁၄၄။
- **အမှတ်(၁) စက်မှုဝန်ကြီးဌာန**
  မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း
  ပလတ်စတစ်စက်ရုံအမှတ်(၂)
  ဖုန်းနံပါတ်- ၀၁-၆၆၁၃၂၁။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ယ/၃၀၆၈၄ Honda GL 400 ယာဉ်လက်ဝယ်ရှိသူ ဦးသန်းရွှေ (HZA-၁၇၇၂၈၀) က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ဟသ်ာတ)။

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ရန်ကုန်အဝေးသင်တက္ကသိုလ်

e- Education Learning Centre

သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်

(တနင်္လာမှ သောကြာ) မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ
(စနေ၊ တနင်္ဂနွေ) နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ

၁၈-၂-၂၀၀၈ (တနင်္လာနေ့)

- ❑ Research Methodology(3)+(4)
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ၊ဆရာမများ
- ❑ Psycholinguistics(1)+(2)
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသောဆရာ၊ဆရာမများ

၁၉-၂-၂၀၀၈ (အင်္ဂါနေ့)

- ❑ Teaching Business English (1,2)
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသောဆရာ၊ဆရာမများ
- ❑ Teaching Business English (3)
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသောဆရာ၊ဆရာမများ

၂၀-၂-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

- ❑ Psycholinguistics(3,4,5)
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသောဆရာ၊ဆရာမများ
- ❑ Error Analysis(1,2,3)
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသောဆရာ၊ဆရာမများ

၂၁-၂-၂၀၀၈ (ကြာသပတေးနေ့)

- ❑ Teaching Literature as Resource in Language Classrooms
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ၊ဆရာမများ
- ❑ Promoting Reading Skills
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ၊ဆရာမများ

၂၂-၂-၂၀၀၈ (သောကြာနေ့)

- ❑ Teaching Listening Skills
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ၊ဆရာမများ
- ❑ Developing Speaking Skills
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ၊ဆရာမများ
- ❑ Developing Reading Skills
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ၊ဆရာမများ

၂၃-၂-၂၀၀၈ (စနေနေ့)

- ❑ Cognitive Development
  - ပထမနှစ် စိတ်ပညာအထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ Organization of Nervous System
  - ပထမနှစ် စိတ်ပညာအထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ Operant Cenditioning
  - ပထမနှစ် စိတ်ပညာအထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ Memory
  - ပထမနှစ် စိတ်ပညာအထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ Central Nervous System
  - ပထမနှစ် စိတ်ပညာအထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ The Doppler Effect
  - ပထမနှစ် ရူပဗေဒအထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ Electrical Power Transmission
  - ပထမနှစ် ရူပဗေဒအထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ Household Circuits and Electrical Safety
  - ပထမနှစ် ရူပဗေဒအထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ Thermodynamics
  - ပထမနှစ် ရူပဗေဒအထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ Rotational Work,Power and Kinetic Energy
  - ပထမနှစ် ရူပဗေဒအထူးပြု ကျောင်းသား၊ ကျောင်းသူများ

၂၄-၂-၂၀၀၈ (တနင်္ဂနွေနေ့)

- ❑ တရားဦးဓမ္မစကြာ
  - ဒုတိယနှစ် အရှေ့တိုင်းပညာအထူးပြု ကျောင်းသား၊ကျောင်းသူများ
- ❑ ထေရီတို့၏ ဘဝနှင့်ဓမ္မ
  - ဒုတိယနှစ် အရှေ့တိုင်းပညာအထူးပြု ကျောင်းသား၊ကျောင်းသူများ
- ❑ ဗုဒ္ဓ၏နောက်ဆုံးဖြစ်ရပ်များ
  - ဒုတိယနှစ် အရှေ့တိုင်းပညာအထူးပြု ကျောင်းသား၊ကျောင်းသူများ
- ❑ သမာသ်
  - ဒုတိယနှစ် အရှေ့တိုင်းပညာအထူးပြု ကျောင်းသား၊ကျောင်းသူများ
- ❑ အင်ဒိုအာရယန်ခေတ်သုံးခေတ်
  - ဒုတိယနှစ် အရှေ့တိုင်းပညာအထူးပြု ကျောင်းသား၊ကျောင်းသူများ
- ❑ Isomerism
  - ဒုတိယနှစ် ဓာတုဗေဒအထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ Ionic Solids
  - ဒုတိယနှစ် ဓာတုဗေဒအထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ Coordination Chemistry
  - ဒုတိယနှစ် ဓာတုဗေဒအထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ Molecular Orbitals in Chemical Bonding
  - ဒုတိယနှစ် ဓာတုဗေဒအထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ Phase Rule and Phase System
  - ဒုတိယနှစ် ဓာတုဗေဒအထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ Electrochemistry
  - ဒုတိယနှစ် ဓာတုဗေဒအထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ Lanthanides
  - ဒုတိယနှစ် ဓာတုဗေဒအထူးပြု ကျောင်းသား၊ ကျောင်းသူများ

ပြည်သူ့ သဘောထား

★ တည်ငြိမ်မှုကို လိုလားသည်

★ အေးချမ်းမှုကို လိုလားသည်

★ ဆူပူအကြမ်းဖက်မှုကို မလိုလား

ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ဒဂုံတက္ကသိုလ်ဘူတာတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ချမ်းခိုက်ခိုက် ၁၆-၂-၂၀၀၈

လှိုင်လင်	၁ ဒီဂရီစင်တီဂရိတ်
နမ့်စန်	၂ ဒီဂရီစင်တီဂရိတ်
ဟားခါး	၂ ဒီဂရီစင်တီဂရိတ်
ဟဲဟိုး	၅ ဒီဂရီစင်တီဂရိတ်

ရွာသာကြီးဘူတာ အဆင့်မြှင့်တင်ရေးလုပ်ငန်း ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဒုတိယဝန်ကြီး ဦးဖေသန်း လိုက်ပါလျက် ယနေ့မွန်းလွဲပိုင်းတွင် ရွာသာကြီးဘူတာသို့ သွားရောက်၍ ဘူတာနှင့် ယာဒ်ဝင်း တိုးချဲ့ရေးလုပ်ငန်း ဆောင်ရွက်နေသည့် မြေသားလုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

လှည့်လည်ကြည့်ရှု

ဆက်လက်၍ ဝန်ကြီးသည် တိုးကြောင်ကလေးဘူတာနှင့် ဒဂုံတက္ကသိုလ်ဘူတာတို့သို့ သွားရောက်၍ ဒဂုံတက္ကသိုလ်တွင် တက်ရောက်ပညာသင်ကြားနေသော ကျောင်းသားကျောင်းသူများ မီးရထားဖြင့်သွားလာမှု လွယ်ကူချောမွေ့စွာ စီးနင်းလိုက်ပါရေးအတွက် စီစဉ်ထားရှိမှုနှင့်စပ်လျဉ်း၍ ဒဂုံတက္ကသိုလ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ဒဂုံတက္ကသိုလ်ဘူတာ ယာဒ်ဝင်းအတွင်း သန့်ရှင်းသပ်ရပ်မှုနှင့် အရိပ်ရလေကာပင်များ စိုက်ပျိုးထားရှိမှု၊ ရထားတွဲများ သန့်ရှင်းသပ်ရပ်ရေး ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ထို့နောက် ဝန်ကြီးသည် ဒဂုံတက္ကသိုလ်ဘူတာမှ ရန်ကုန်ဘူတာကြီးအထိ RBE ရထားဖြင့် စီးနင်းလိုက်ပါ၍ လမ်းပိုင်းတစ်လျှောက် ပြုပြင်ထိန်းသိမ်းမှုအခြေအနေများနှင့် ရထားလမ်းအတွင်း ကျောက်ဖြည့်ရန် လိုအပ်သည့်နေရာများကို ကြည့်ရှုစစ်ဆေးပြီး ရထားအချက်ပြဆက်သွယ်ရေးစနစ်များ အဆင့်မြှင့်တင်ရေးနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများအား မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အင်တာနက်ကျန်းမာရေး

ကျန်းမာသုခရစေဖို့ ဟာသကုထုံးဖြင့် ကုကြစို့

သတင်းအက်ဆေး

ကိုအာကာရေးသည်

ကမ္ဘာ့ပြည်သူများ အနေအထိုင် အစားအသောက် ပြောင်းလဲလာမှုကြောင့် ရောဂါအသစ်များ နေ့စဉ်တိုးပွား ဖြစ်ပေါ်လျက်ရှိသလို ရောဂါကုထုံးများလည်း အသစ်ပေါ်ထွက်လျက်ရှိသည့်အနက် ဟာသကုထုံးမှာ တဖြည်းဖြည်း တွင်ကျယ်စပြုလာသည့် ကုသနည်းတစ်မျိုးဖြစ်သည်။

အန္တရာယ်ကင်း

ခန္ဓာကိုယ်ဖွဲ့စည်းမှုတွင် သွေး၊ အရိုး၊ အကြော၊ ကြွက်သား စသည့် အင်္ဂါအစိတ်အပိုင်းများဖြင့် တည်ဆောက်ထားသည်ဖြစ်ရာ ဆေးဝါးဖြင့် ကုသခြင်းထက် သဘာဝကျပြီး အန္တရာယ်ကင်းသည့် ကုသမှုများ၌ ဝေဒနာရှင်အား စိတ်ရွှင်လန်းစေရန် ဟာသဖြင့် ကုသခြင်းသည် ထိရောက်သော ကုသမှုဖြစ်သည်ဟု ဗြိတိန်မှ ဟာသကုထုံးပညာရှင် ဒေါက်တာပက်ထရစ်ဂီလ်ဘတ်က ပြောကြားသည်။

လျော့ပါးသက်သာ

ခန္ဓာကိုယ်တွင်း ရောဂါများဖြစ်သည့် နှလုံးသွေးကြောကျဉ်းခြင်း၊ နှလုံးသွေးကြောပိတ်ခြင်းနှင့် နှလုံးရောဂါများ၊ အဆုတ်ရောဂါနှင့် အစာအိမ်နံရံ သွေးယိုစိမ့်သည့်ရောဂါများကို ဟာသဖြင့် ကုသရာတွင် လျော့ပါးသက်သာစေသည်ကို တွေ့ရှိရသည်ဟု ဒေါက်တာပက်ထရစ်ဂီလ်ဘတ်က ပြောကြားသည်။

ရွေးချယ်ကုသ

ဟာသဖြင့်ကုသရာတွင် လူနာ၏ ခန္ဓာကိုယ်ဖွဲ့စည်းမှုနှင့် ရောဂါကိုလိုက်၍ လူနာစိတ်အပြောင်းအလဲဖြစ်စေမည့် ဟာသအမျိုးအစားများထဲမှ ရွေးချယ်ကုသမှုပေးခြင်းဖြစ်သည်။ *စာမျက်နှာ ၈ ကော်လံ ၄* ❐

★ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင် လုပ်နေသည်

★ BBC ညာနေသည်

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

★ အဲဒီ ဝေသာလီပုဏ္ဏား(ကုန်းချောသွေးထိုးသူ)များ မယုံလေနဲ့ သတိထား

17-2 (20) 1 2/17/08, 1:37 AM